# ဘုရားရှင်တို့၏
# လက္ခဏာတော်
# (၃၂)ပါး

## အရှင်နာယကာလင်္ကာရ

ဓမ္မရံသီလူငယ်အသင်းမှပူဇော်သည်။

www.dhammaransi.net

# ဘုရားရှင်တို့၏လက္ခဏာတော်(၃၂)ပါး
# လက္ခဏာတော်ကြီး ဘုရားရှိခိုး

(၁) **သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်** – ကောင်းစွာတည်ရှိသော ခြေတော်ရှိခြင်း၊

(၂) **စက္ကေနင်္ကိတပါဒတာ လက္ခဏာတော်** – အမှတ်တံဆိပ်ခပ်နှိပ်အပ်သော ခြေတော်ရှိခြင်း၊

(၃) **ဒီဃပဏှိတာ လက္ခဏာတော်** – ရှည်သောဖနောင့်တော်ရှိခြင်း၊

(၄) **အာယတင်္ဂုလိတာ လက္ခဏာတော်** – ရှည်သွယ်သော လက်ချောင်းတော်ရှိခြင်း၊

(၅) **ဗြဟ္မုဇုဂတ္တတာ လက္ခဏာတော်** – ဗြဟ္မာမင်းလို ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်း၊

(၆) **သတ္တုဿဒတာ လက္ခဏာတော်** – လက်ဖမိုးတော် ၂–ဘက်၊ ခြေဖမိုးတော် ၂–ဘက်ပခုံးတော် ၂–ဘက် လည်ကုတ်တော်အားဖြင့် ၇–ပါးသောအရပ် တို့၌ ပြည့်ဖြိုးသောအသားတော်ရှိခြင်း၊

(၇) **မုဒုတလုဏဟတ္ထပါဒတာ လက္ခဏာတော်** – ပျိုသော နုညံ့သောလက်တော် ခြေတော်ရှိခြင်း၊

(၈) **ဇာလဟတ္ထပါဒတာ လက္ခဏာတော်** – ဇာကွန်ယက်ပမာ ညီစွာတည်သော လက်ချောင်းခြေချောင်း တော်ရှိခြင်း၊

(၉) **ဥဿင်္ခပါဒတာ လက္ခဏာတော်** – အောက်သို့မသက် အထက်တက်သည့် ဖမျက်အနေခြေတော်ရှိခြင်း၊

(၁၀) **ဧဏိဇင်္ဃတာ လက္ခဏာတော်** – ဧဏိမည်သော သားကောင်၏ သလုံးအသွင်အစဥ် အဆက်လုံး၍ တက်သောခြေသလုံးတော်ရှိခြင်း၊

(၁၁) **ဥဒ္ဓဂ္ဂလောမတာ လက္ခဏာတော်** – ရှေ့မျက်နှာတော်ဖူးမျှော်လိုဘိ မော်၍ကြည့်သို့ အဖျားလှည့်မော် မွေးညှင်းတော်ရှိခြင်း၊

(၁၂) **သုခုမစ္ဆဝိတာလက္ခဏာတော်** – နုညံ့သိမ်မွေ့သောအသားအရေတော်ရှိခြင်း၊

(၁၃) **သုဝဏ္ဏဝဏ္ဏတာလက္ခဏာတော်** – ဝင်းဝါသောအသားအရေရှိတော်မူခြင်း၊

(၁၄) **ကောသောဟိတဝတ္ထဂုယှတာ လက္ခဏာတော်** – ဥသဘနွား မြတ်အင်္ဂါဇာတ်သို့ အအိမ်ဖြင့်ဖုံးအပ်သော အင်္ဂါဇာတ်တော်ရှိခြင်း၊

(၁၅) **နိဂြောဓပရိမဏ္ဍလ လက္ခဏာတော်** – ဝိုင်းဝန်းသော ပင်ညောင်ပင်ကဲ့သို့ ကိုယ်တော်နှင့်အလံ လျော်ကန်ညီညီ ဝန်းဝိုင်းတော်မူခြင်း၊

(၁၆) **ဇာဏုပရာသမန လက္ခဏာတော်** – ဒူးတော်ကို သုံးသပ်ကိုင်လိုတော်မူလျှင် မတ်မတ်ရပ်တော်မူလျက် ပုဆစ်ဒူးဝန်း ၂–ဖက်တို့ကို လက်တော် ၂– ဖက်ဖြင့်ထိအောင်သုံးသပ်တော်မူနိုင်ခြင်း၊

(၁၇) **ဝတ္တက္ခန္ဓတာ လက္ခဏာတော်ကြီး** – ရွှေမုရိုးစည်ကဲ့သို့ အညီပတ်ဝင်း လုံးသောလည်ပင်းတော်ရှိခြင်း၊

(၁၈) **စိတန္တရတာ လက္ခဏာတော်** – လက်ပြင်ရိုး ၂–ဖက်အကြား၌အသားပြည့်ပုံ နောက်ကျောပြင်ဝယ်လည်ကုပ်၏ အောက်၌ပေါ်ထွက်၍နေသော အရိုးနှစ်ဖက်ရှိခြင်း၊

(၁၉) **သီဟပုဗ္ဗဒ္ဓကာယတာ လက္ခဏာတော်** – ခြင်္သေ့မင်း၏ရှေ့ထက်ဝက်ကိုယ်ကဲ့သို့ အထက်အောက်နှစ်ဌာန၌ ပြည့်ဝသော ကိုယ်တော်ရှိခြင်း၊

(၂၀) **ရသဂသဂ္ဂိတ လက္ခဏာတော်** – အရသာကိုဆောင် ယူနိုင်သောအကြောတို့တွင် အမြတ်ဆုံးဖြစ်သော ခုနစ်ထောင်သောအကြောတော်ရှိခြင်း၊

(၂၁) **အဘိနီလနေတ္တတာ လက္ခဏာတော်** – မျက်လုံးတော်သည် ညိုသင့်ရာ အရပ်ဝယ် အောက်မဲညိုပြန်း နှမ်းကြတ်ပန်း အသွေးကဲ့သို့ညိုသော မျက်လုံးတော်လည်း ရှိတော်မူခြင်း၊

(၂၂) **ဂေါပခုမတာ လက္ခဏာတော်** – မွေးစအရွယ် နွားနီငယ်၏ တင့်တယ်ကြည်အေး မျက်လုံးကလေးသို့ မျက်မွေးစီရရီ အလွန်ကြည်သော မျက်လုံးတော်ရှိခြင်း၊

(၂၃) **ဥဏှီသသီသတာ လက္ခဏာတော်** – သင်းကျစ်အပြား ဖွဲ့ပတ်ထားသို့ သီးခြားဆန်းထူး မဟာနဖူးကြောင့် ဖူးရ ရှင်ပျော်လုံးသောဦးခေါင်းတော်ရှိခြင်း၊

(၂၄) **ဧကေကလောမတာ လက္ခဏာတော်** – မွေးတွင်း တစ်တွင်းလျှင် တစ်ပင်စီ သောအမွေး တော်ရှိခြင်း၊

(၂၅) **ဥဏ္ဏာလောမတာ လက္ခဏာတော်** – မျက်ခုံးတော် ၂–ပါးအလယ်ကြား၌ ထူးခြားပေါ်လွင် အလွန်ဖြူစင် သောမွေးတော်ရှင်ရှိခြင်း၊

(၂၆) **သမစတ္တာလီသဒန္တတာ လက္ခဏာတော်** – အမျှလေးဆယ် လွန်တင့်တယ်သော သွားတော်ရှိခြင်း၊

(၂၇) **အဝိရဠဒန္တတာ လက္ခဏာတော်** – ရွှေပြားအပြင် ဝရဇိန်တင်သို့ အစဉ်မကွဲ မကျဲသော သွားတော်ရှိခြင်း၊

(၂၈) **ပဟူတဇိဝှတာ လက္ခဏာတော်** – ရှည်လျားနုနယ် ကျယ်ပြန့်သော လျှာတော် ရှိခြင်း၊

(၂၉) **ဗြဟ္မဿရတာ လက္ခဏာတော်** – ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာနာပျော် အသံ တော်ရှိသည်ကောင်း၊ အာဒေယျဝစနော စ– အများကြည်ဖြူ နာယူဖွယ် စကားတော်ရှိခြင်း၊
(၃၀) သီဟ ဟနုတာ လက္ခဏာတော် –ခြင်္သေ့မင်း၏အောက်မေးအလား ထက်အောက်အား ဖြင့် ၂–ပါးထင်ပေါ်ပြည့်ဝသော မေးတော်ရှိခြင်း၊

(၃၁) **သမဒန္တတာ လက္ခဏာတော်** – ဝရဇိန်များ စီ၍ထားသို့ ထက်ဖျားစီရရီညီသော သွား တော်ရှိခြင်း၊

(၃၂) **သသုက္ကဒါဌတာ လက္ခဏာတော်** – သောကြာကြယ်ဝန်း ထွန်းသည့်အသွင် အလွန် ဖြူစင် သောစွယ်တော်ရှိခြင်း၊

မြန်မာပြည်မှ ထုတ်ဝေသော ဘုရားရှိခိုးအမျိုးမျိုး စာအုပ်ကို ဘာသာရေးကို စိတ်ဝင်စားသော ပုဂ္ဂိုလ်တိုင်းတွေ့ဖူးကြပါလိမ့်မည်။ ဘုရားရှိခိုးခြင်းဟူသည် အမှန်တော့ဘုရားရှင်၏ ဂုဏ်တော်အပေါင်းကို စိတ်ဝယ်မှန်းဆ အာရုံပြုခြင်းဖြစ်သည်။ ထို့ကြောင့်ယခုအခါ လူသိနည်းသော မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးဘုရားရှိခိုးကို ကျေးဇူးတော်ရှင် တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ရေးသားသီကုံးထားသည့်မူအတိုင်း ဖြန့်ဝေ မည်ဖြစ်ပါသည်။ မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးဘုရားရှိခိုးကို တစ်ပုဒ်ချင်းတင်ကာ ဖြန့်ဝေပေးပါမည်။ ကျက်မှတ်၍ နေ့စဉ်ရှိခိုးပူဇော်နိုင်ပါသည်။

**လက္ခဏာ**။ ။ လက္ခဏာဟူသောပါဠိစကားလုံးသည် မြန်မာလိုအမှတ်အသားဟု အဓိပ္ပါယ် ထွက်၏။ ထိုအမှတ်အသားသည် ရှေးအတိတ် ဘဝကံနှင့်ဆိုင်၏။ မျက်လုံးမျက်ခုံး လက်ခြေ စသော ကိုယ်ခန္ဓာအစိတ်အပိုင်းနှင့် တစ်ကိုယ်လုံးပုံသဏ္ဍာန်တို့ဝယ် ရှေးကံအားလျော်စွာ ကောင်းမကောင်းအမှတ်အသားများ ပါရှိ၏။ ထိုအမှတ်အသားကိုကြည့်၍ ဝေဒပညာရှင် တို့သည် ယောကျ်ားမြတ် ယောကျ်ားယုတ် မိန်းမမြတ် မိန်းမယုတ်ဟု အတတ်ဟောနိုင်ကြကုန်၏။


**ဗုဒ္ဓလက္ခဏာ**။ ။ ဝေဒကျမ်းတို့၌ ဗုဒ္ဓဖြစ်ထိုက်သော (စကြာဝတေး မင်းဖြစ် ထိုက်သော) ယောကျ်ားမြတ်၏လက္ခဏာများကို ဖော်ပြထားပါသည်။ ထိုကြောင့်ဗုဒ္ဓမြတ်စွာကိုဖူးမြင်ရသော သေလအမည်ရှိသော ဝေဒပညာရှင်သည် ဗုဒ္ဓကိုမြင်သောအခါ စကြာမင်း ဖြစ်ထိုက် သောပုဂ္ဂိုလ်ပါတကား၊ စကြာမင်းလုပ်တော်မူပါဟု လျှောက်ထားလေသည်။

သပ္ပါယ်တော်မူခြင်း၏အကြောင်း။ ။ ဗုဒ္ဓမြတ်စွာ၏ သပ္ပါယ်တော်မူခြင်းသည် ယခုပြအပ်လတ္တံ့သောလက္ခဏာတော်များအကြောင်း အရာများကြောင့်သာဖြစ်ရကား ထိုလက္ခဏာတော် အကြောင်းရာတို့ကိုသိရလေလေ ငါတို့ဘုရားဟု အားရပါးရကိုကွယ်၍ ကောင်းလေဖြစ်ရုံသာမက ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို ကြိုးပမ်းသောယောဂီ ပုဂ္ဂိုလ်အတွက်လည်း ဗုဒ္ဓမြတ်စွာကိုအာရုံပြု၍ ယောကျ်ားမြတ်၏ ၃၂–ပါးသောအထိမ်းအမှတ် လက္ခဏာတော်များကို ဘုရားရှိခိုးအဖြစ်ဖြင့် ရှေးဆရာတို့ရေးသားတော်မူခဲ့ကြ ပါသည်။

# သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်


**ဗုဒ္ဓေ ပုညေသု သမ္ဗုဒ္ဓေါ၊ သမာဒါနေန ဒဠှတော၊**
**သုပ္ပတိဋ္ဌိတ ပါဒေါစ၊ အက္ကမ္ဘိယောစ တံ နမေ။**

ယော သမ္ဗုဒ္ဓေါ– အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာ ရှေးရှေးအခါ၌၊ ပုညေသု– ဒါန သီလစသည်ပေါင်းစု ကုသိုလ် ကောင်းမှုတို့၌၊ ဒဠှတော– မတွန့်ဆုတ်ဘဲ ခိုင်မြဲသောအားဖြင့်၊ သမာဒါနေန– အားရရွှင်ပျော် ဆောက်တည်တော်မူခဲ့ခြင်းကြောင့်၊ သုပ္ပတိဋ္ဌိတပါဒေါစ– ခြေတော်ချရာ ရပ်တိုင်းမှာဝယ်၊ ကောင်းစွာအညီ တည်ရှိသောခြေရှိသည် လည်းကောင်း၊ အက္ကမ္ဘိယောစ– ရလတ္တံ့ ရပြီးကျိုးသီးသီးဝယ် ဘယ်ရန်သူမျှ ခွာ၍မချနိုင်သည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ သမ္ဗုဒ္ဓံ– သုပ္ပတိဋ္ဌိတပါဒတာခေါ် လက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသောထိုမြတ်စွာ ဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်။ နမေ နမာမိ– ယုံကြည်မြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။



မြတ်စွာဘုရား၏ခြေတော်သည်၌ မဆိုနင်းတော်မူသောအခါ ဖနောင့်တော်ဘက်ကလည်း အလျင်မကျ၊ ခြေဖျားတော်ဘက်ကလည်း အလျင်မကျ၊ ခြေဖဝါးတစ်ပြင်လုံးတစ်ပြိုင်နက်ကျ၍ တည်ရာအရပ်၌ ဖဝါးတစ်ပြင်လုံးတည်ရှိတော်မူ၏။ ယခုလူများ၏ခြေဖဝါးကဲ့သို့ အလယ်၌ ဟာ၍ဟိုက်မနေပါ။ ဗုဒ္ဓခြေတော်ရာပုံကို ဖူးမျှော်ကြည့်ပါ။ မြတ်စွာဘုရားရှင်၏ ခြေတော်ရာ သည် ခြေဖဝါးပြင် တစ်ပြေးညီတည်ရှိ သည်ကို တွေ့ရပါလိမ့်မည်။

မြတ်စွာဘုရားရှင်၏ ခြေဖဝါးပြင်တော်ကောင်းစွာတည်ရှိ၊ ထူးခြားစွာတည်ရှိခြင်းသည် ဗုဒ္ဓ မြတ်စွာအလောင်းအလျာ ဖြစ်ခဲ့သော ဘဝများတို့၌ ကုသိုလ်ကောင်းမှုကိစ္စစုကို ပြုလုပ်ရာ ဝယ် လွန်စွာခိုင်မြဲတော်မူ၏။ မိမိပြုနေသောကုသိုလ်ကောင်းမှုကို အခြားသူ တို့က နောက် ဆုတ် အောင်ပြောကြသော်လည်း မည်သည့်အခါမျှ တွန့်ဆုတ်ခြင်းမရှိချေ။ ဤသို့ကုသိုလ် ကောင်းမှုကိစ္စ၌ နောက်မ ဆုတ်ပဲခိုင်းမြဲတော်မူခြင်းကြောင့် သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်ကြီးနှင့်ပြည့်စုံတော်မူခြင်းဖြစ်သည်။




မြတ်စွာဘုရားရှင်၏ ခြေတော်ရာသည် မြတ်စွာဘုရားကြွသွားတိုင်းသော ခြေလှမ်းတိုင်း၌ ထင်ကျန်ရစ်၍မနေခဲ့ပါ။ခြေတော်ရာမြင်စေ လိုသောအခါတို့အခါ၌ ဘုရားကိုယ်တော်တိုင် အဓိဋ္ဌာန်ချထားမှသာလျှင် ခြေတော်ရာသည် ထင်ကျန်ရစ်နေလေသည်။ ထိုကျန်ရစ်ခဲ့သော ခြေတော်ရာကို မြင်စေလိုသောပုဂ္ဂိုလ်များ မတွေ့ရှိရသမျှ ဘယ်တော့အခါ ပျက်စီးခြင်းမရှိပေ။ မည့်သည့် နတ်ဗြဟ္မာ မာရ်နတ်စသည်တို့ကလည်းကောင်း၊ သဘာဝဘေး အန္တရာယ်ဖြစ်သည့် မိုးရေလေဒဏ်တို့ကြောင့်လည်းကောင်း မပျက်စီး သွားပေ။ မြတ်ဗုဒ္ဓ၏ခြေတော်ရာများ ဖူးမြင်ရသည့်ပုဂ္ဂိုလ်များကို အရင်ပို့စ်များ၌ ဖော်ပြဖူးပါသည်။

ဤကဲ့သို့ ထူးဆန်းအံ့ဖွယ်ရှိလှသော မြတ်စွာဘုရား၏ သုပ္ပတိဋ္ဌိတပါဒ–ဂုဏ်တော်ကို စိတ် ဝယ် မှန်းကာ ခြေတော်ရာဖူးမြင်ရတိုင်း ဗုဒ္ဓဘာသာဝင်အားလုံး ဘုရားရှိခိုး ဂါထာတော်အရ ကျက်၍ အဓိပ္ပါယ်သိသိ အားရပါးရကုသိုလ်ယူ ပီတိဖြစ်နိုင်ကြပါကြောင်း။

# စက္ကေနင်္ဂီတပါဒတာ လက္ခဏာတော်

အကြင်မြတ်စွာဘုရား၏ (၃၂)ပါးသော လက္ခဏာတော်ကြီးတို့တွင် စက္ကေနင်္ဂီတပါဒတာ လက္ခဏာ တော်သည် ဒုတိယမြောက်လက္ခဏာတော်ကြီးတစ်ခုဖြစ်သည်။ ဤလက္ခဏာ သည်လည်း မြတ်စွာဘုရား၏ထူးခြားသော ဂုဏ်အင်္ဂါကိုဖော်ပြ ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဤဒုတိယ မြောက် လက္ခဏာတော်ကြီးဘုရားရှိခိုးဂါထာတော်ကိုကျက်မှတ်၍ ဂုဏ်တော်ကိုမှန် ပုံတော်တမ်းတလျက် ရှိခိုးပူဇော်နိုင်ရန်ဖော်ပြပါမည်။

**သပရိဝါရက ဒါနေန၊ တထာဂတော ပုရေ ဘဝေ၊**
**စက္ကေနင်္ဂီတပါဒေါစ၊ ပရိဝါရော စ တံ နမေ။**


ယော တထာကတော– အကြင်မြတ်စွာဘုရားသည်၊ ပုရေ ဘဝေ– ဘဝများ ရှေးရှေးအခါ၌၊ သပရိဝါရက ဒါနေန– ဆိုင်ရာမချန် အခြွေအရံနှင့်တကွ ပြုအပ်သောအလှူဒါနကြောင့်၊ စက္ကေနင်္ဂီနပါဒေါစ– အမှတ်တံဆိပ်ခပ်နှိပ်အပ်သော ခြေတော်ရှိသည်လည်း ကောင်း၊ ပရိဝါရောစ– ဗြဟ္မာလူနတ် ပရိသတ်တို့ မပြတ်မှန်မှန် အခြံအရံရှိသည်လည်းကောင်း ဟောတိ–အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ– စက္ကေနင်္ဂီတပါဒတာခေါ် လက္ခဏာတော်နှင့် ပြည့်စုံ တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

စက္ကေနင်္ဂီတပါဒ–ကို စက္ကေန–စက်လက္ခဏာဖြင့်၊ အင်္ဂီတ– အမှတ်တံဆိပ်ခပ်နှိပ်အပ်သော၊ ပါဒ–ခြေတော်ရာ၊ဟု ပုဒ်ခွဲကာ အဓိပ္ပါယ် မှတ်သားထားပါ။ မြတ်ဗုဒ္ဓ၏ ခြေဖဝါးတော် အပြင်၌ စက်ဝိုင်းပုံသဏ္ဍာန်ပါရှိသော အရပ်ဝယ်အမျိုးအမျိုးသောအရုပ်များ ပေါ်လွင်ထင်ရှား နေသည်ကို စက္ကလက္ခဏ– စက်လက္ခဏာတော်ဟုခေါ်သည်။ ထိုစက်လက္ခဏာသည် လူအများ၏ခြေဖဝါး၌ မပါဘဲဘုရားအလောင်း၊ စကြာမင်းအလောင်းတို့၌သာ ပါနိုင်သော ထူးခြားသောလက္ခဏာတော်ဖြစ်သည်။ ပုံတော်ကို ဖူးမျှော် ကြည့်ပါ။

## အကြောင်းကောင်းမှု

ဤလက္ခဏာတော်နှင့်ပြည့်စုံတော်မူခြင်း၏ အကြောင်းကောင်းမှုမှာ ဗုဒ္ဓမြတ်စွာသည် များစွာ ဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် အလှူဒါနပြုလုပ်သောအခါ မူလဒါနကို အခြံအရံ အဖြစ်ဖြင့် ဆိုင်ရာပစ္စည်းများကိုပါထည့်၍ လှူတော်မူလေ့ရှိ၏။ ဥပမာ– ကျောင်းလှူ သောအခါ ကျောင်းအသုံးအဆောင်ကိုပါထည့်လှူခြင်းတည်း။

ဘုရားဖြစ်သောအခါ၌လည်း နတ်လူဗြဟ္မာအခြံအရံ ဘိက္ခု ဘိက္ခုနီဟူသော ပရိသတ် အခြံအရံတို့ဖြင့်ပြည့်စုံတော်မူခြင်းကိုရရှိတော် သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ဤစက် လက္ခဏာဂုဏ်တော်ကို အာရုံပြု၍ မိမိတို့လည်း ကုသိုလ်ဒါနပြုလုပ်အရာအခါတို့၌ ဒါန အခြံအရံများ ပါဝင်အောင်လှူဒါန်းလေ့ရှိသော အလေ့အကျင့်ကောင်းများကို ကျင့်သုံးကြပါ။



## ထူးခြားချက်

ဤစက္ခဏာတော်ပါရှိသော ခြေတော်ရာသည် နင်းတော်မူရာအရပ်တိုင်း၌ ထင်တော်မူပါ။ ဘုရားရှင် ထင်စေလိုတော်မူမှသာ ထင်တော်မူသည်။ ထိုသို့စက် လက္ခဏာတော်အပြည့်အစုံ ထင်တော်မူခြင်း မှာလည်း သုပ္ပတိဋ္ဌိတ ပါဒတာ လက္ခဏာ တော်အတွက် ခြေချ တော်မူရာအရပ်၌ ခြေဖဝါး ပြင်အညီအမျှ ထိတော် မူခြင်းကြောင့်သာ ဖြစ်ပါသည်။

ယခုလူတို့ကဲသို့ အလယ်၌ ဟာနေလျှင် စက် လက္ခာ တော်တို့သည် ထင်နိုင်မည်မဟုတ်ပါ။
ဤသို့လက္ခဏာတော်နှစ်ခု ဆပ်စပ်နေပုံ ကိုလည်း အာရုံပြုကာဗုဒ္ဓါနုဿတိပွား များနိုင်ပါသည်။

# ဒီဃပဏှိတာ အစရှိသည့် လက္ခဏာတော်ကြီး(၃)ပါး

မြတ်စွာဘုရားရှင်တော်မြတ်ကြီး၏ သုံးဆယ့်နှစ်ပါးသောလက္ခဏာတော်တို့တွင် ယခုအခါ (၁) ဒီဃပဏှိတာလက္ခဏာတော် (၂) အာယတဂုံလိတာလက္ခဏာတော် (၃)ဗြဟ္မုဇုဂတ္တတာလက္ခဏာတော်ဟု လက္ခဏာတော်ကြီးသုံးပါးကို နံပါတ်အစဉ် ၃-၄-၅ လက္ခဏာတော်အဖြစ်စုပေါင်း၍ ဖော်ပြပါမည်။

ရှေးတွင်ဖော်ပြထားသည့်နှစ်ပါးနှင့်ပေါင်းလျှင်လက္ခဏာတော်ကြီး ၅-ပါးဖြစ်ပေမည်။ ထို့ကြောင့် ဒီဃပဏှိတာလက္ခဏာတော်အစရှိသော လက္ခဏာတော်ကြီးသုံးပါးကို စိတ်ဝယ်မှန်း၍ ရှိခိုးကြရအောင်...

**ပါဏာဃာတ ဝိရတိယာ၊ ဒီဃပဏှိ ယတင်္ဂုလိ၊**
**ဗုဒ္ဓေါ ဗြဟ္မုဇုဂတ္တောစ၊ ဒီဃာယုကောစ တံ နမေ။**

ယော ဗုဒ္ဓေါ- အကြင်မြတ်စွာဘုရားသည်၊ ပုရေ ဘဝေ- ဘဝများစွာ ရှေးရှေးအခါ၌၊ ပါဏာဃာတဝိရတိယာ- သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြည်ခဲ့ခြင်းကြောင့်၊ ဒီဃပဏှိစ- ရှည်သောဖနောင့်တော်ရှိသည်လည်းကောင်း၊ အာယတင်္ဂုလိစ- ရှည်သွယ် သော လက်ချောင်းတော်ရှိသည်လည်းကောင်း၊ ဗြဟ္မုဇုဂတ္တောစ- ဗြဟ္မာမင်းလို ဖြောင့်မတ်သော ကိုယ်တော်ရှိသည်လည်းကောင်း၊ ဒီဃာယုကောစ- ရှည်သောအသက်တော် ရှိသည် လည်းကောင်း၊ ဟောတိ-အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ- ဒီဃပဏှိတာ အစဖြာသည့် လက္ခဏာ သုံးဖော်ပြည့်စုံ တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ- ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ- ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ ပါ၏ အရှင်ဘုရား။

# ဒီဃပဏှိတာ အယတင်္ဂုလိတာ ဗြဟ္မုဇုဂတ္တာ လက္ခဏာတော်

ဒီဃပဏှိတာဟူသည် ရှည်သွယ်လျသော ဖနောင့်တော်ဟု အဓိပ္ပါယ်ရပါသည်။ မြတ်စွာဘုရားရှင်တော်၏ ခြေဖနောင့်တော်သည် ရှည်သွယ်သော ပုံသဏ္ဍာန်ရှိပါ၏။ ဖနောင့်တော်၏ အစွန်းသည်လုံးဝန်းသော ပုံသဏ္ဍာန်ဖြင့်လွန်စွာ တင့်တယ်တော်မူ၏။ ခြေတော်ကို လေးဖို့ခွဲလျှင် နောက်တစ်ဖို့သည် ဖနောင့်တော်ဖြစ်သည်၊ ဒုတိယတစ်ဖို့သည် ခြေသလုံးပေါ်ထွက်ဖို့နေရာဖြစ်သည်၊ ရှေ့နှစ်ဖို့သည် ခြေသလုံးနေရာ၏ ရှေ့ဘက်ဖြစ်သည်။




## ဖနောင့်တော်ရှည်တော်မူခြင်း၏ အကြောင်းကောင်းမှု

မြတ်စွာဘုရားသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် ပါဏာတိပါတမှ ရှောင်ကြဉ်တော်မူ၏။ ဤသို့ပါဏာတိပါတမှ ရှောင်ကြည်တော်မူခဲ့ခြင်းကြောင့် ဖနောင့်တော်ရှည်သွယ်တော်မူခြင်းဖြစ်သည်။ ပါဏာတိပါတကိုပြုသူတို့သည် ချောင်းမြောင်း၍ သူတစ်ပါး အသက်ကိုသတ်သောအခါ ခြေသံကြားမည်ဆိုး၍ ခြေဖျား ထောက်ကာ သွားရတက်၏။ ထိုသို့ခြေဖျားထောက်သောအခါ ခြေတို့သည် ကောက်၍သော် လည်းနေတက်၏။ ဖနောင့်သော်လည်းတို၍နေတက်၏။ ဗုဒ္ဓမြတ်စွာအလောင်းအလျာသည် ထိုကဲ့သို့ ခြေဖျားထောက်၍ သူတစ်ပါးတို့၏ အသက်ကိုမသတ်ခဲ့ကြောင်း ထင်ရှားအောင် ခြေဖနောင့်တော်သည် ရှည်တော်မူ၏။

## လက်ချောင်းတော်ရှိတော်မူပုံ

အာယတင်္ဂုလိတာဟူသည် ရှည်သွယ်သော လက်ချောင်းတော်ရှိတော်မူခြင်းကိုဆိုလိုပါသည်။ ပါဏာတိပါတကိုပြုတော်မူသောအခါ လက်နက်ကို ဆုပ်ကိုင်ရ၏။ ထိုသို့ဆုပ်ကိုင်ရသဖြင့် လက်ချောင်းတို့သည် တိုသကဲ့သို့ဖြစ်ကုန် ၏။ ဗုဒ္ဓမြတ်စွာအလောင်းတော်ကား ထိုကဲ့သို့ လက်နက်ကိုဆုပ်ကိုင်း၍ မသတ်ခဲ့ဘူးကြောင်းကို ထင်ရှားအောင် အများလူတို့၏ လက်ချောင်းတို့ ထက် လက်ချောင်း တော်တို့သည် ရှည်လည်း ရှည်၍အရင်းမှ အဖျားတိုင်အောင် သွယ်လည်း သွယ်တော်မူသည်။

## ဖြောင့်မတ်သောကိုယ်တော်ရှိပုံ




ပါဏာတိပါတပြုဖို့ရန်သွားသောအခါ သူတစ်ပါးမြင်မည်စိုးသောကြောင့် ကိုယ်ကိုမတ်မတ်မထားဘဲ ပုအောင် နိမ့်အောင်လုပ်၍ ကောက်လျက် ကွေးလျက်သွားရ၏။ ဗုဒ္ဓမြတ်စွာအလောင်းတော်သည် ထိုကဲ့သို့ပုအောင် နိမ့်အောင်လုပ်၍ မသွားခဲ့ရကြောင်း ထင်ရှားဖို့ရာ ကိုယ်တော်အရပ်သည် ကောက်ကွေး၍ မနေဘဲဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်ဖြောင့်စင်းစင်းမားမားမတ်မတ် ထောင်ထောင်မောင်းမောင်း ရှိတော်မူရကား လွန်စွာတင့်တယ်သပ္ပါယ်တော်မူသည်။

## လက္ခဏာတော်၏အကျိုးဆက်

ပြခဲ့သော လက္ခဏာတော်သုံးပါးသည် ရှေးကံအတွက်ရအပ်သောအကျိုးရင်းဖြစ်သည်။ ထိုလက္ခဏာတော်၃ပါးအတွက် အကျိုးဆက် မှာ အသက်တော်ရှည်တော်မူခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ချွတ်ထိုက်သော ဝေနေယျသတ္တဝါရှိသေးလျှင်

သက်တော် ၈၀–ကျော်သည့်အပြင် အာယုကပ်ကုန်သည့်အောင်ပင် တည်နိုင်ပါ၏။ သို့သော် ချွေချွတ်ရမည့် ဝေနေယျများ ပြည့်စုံ ပြီးဖြစ်သောကြောင့် သက်တော် ၈၀–ပြည့်ရုံမျှဖြင့် ပရိနိဗ္ဗာန်စံတော်မူပါသည်။

ဤသို့ အကြောင်းကောင်းမှု အကျိုးလက္ခဏာတော်တို့ကျေးဇူးကိုစဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၃ပါးကိုအာရုံပြုကာ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း သန်းဥကြမ်းပိုး ပိုးမွှားကလေးများကို ပါဏာတိပါတအမှုမပြုမိအောင် ရှောင်ကြဉ်ကြပါလေ။

ပါဏာတိပါတအမှုကိုပြုရာ၌ အသက်မွေးမှုချောင်လည်အောင်ပြုခြင်း အခြားနည်းလမ်းဖြင့် အသက်မွေးစရာမရှိ၍ မရှောင်သာ ကြောင့် ပြုခြင်း၊ သက်သက်နှိပ်စက်လိုသော ကြောင့်ပြုခြင်းဟု သုံးမျိုးရှိ၏။ ထိုသုံးမျိုးတွင် မည်သည့်ပါဏာတိပါတမဆို ငရဲသို့ ချနိုင်၏၊ ပြိတ္တာလည်းဖြစ်နိုင်၏။ ထို့ကြောင့်ရှောင်ကြည်ကြပါလေကုန်။


# သတ္တုဿဒတာ လက္ခဏာတော်



ဤသတ္တုဿဒတာလက္ခဏာတော်သည် မြတ်စွာဘုရားရှင်၏ ၃၂–ပါးသော လက္ခဏာ တော်တို့တွင် ခြောက်ခုမြောက်လက္ခဏာ တော်ဖြစ်သည်။ ဤလက္ခဏာတော်သည် မြတ်စွာဘုရားရှင်၏ လက်ဖမိုးတော် ခြေဖမိုးတော် ပခုံးတော် လည်ကုတ်တော် အားဖြင့် ၇–ဌာနတို့၏ ကြည်ညိုဘွယ်အသွင်တော်ကို ဖေါ်ပြသည့် ဂုဏ်တော်ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ ဖူးမျှော်၍မဝနိုင်သောကိုယ်တော် သဏ္ဍာန် ပုံပဟန်တော်ကို ဂုဏ်တော်မှန်းဆ ပုံတော်တလျက် ရှိခိုးကြရအောင်.......

**ဝရဘောဇနဒါနေန၊ ဗုဒ္ဓေါ ပုရိမဇာတိယံ၊**
**ယောတိ သတ္တုဿဒေါ စေဝ၊ ဝရဘောဇီစ တံ နမေ။**

ယော ဗုဒ္ဓေါ–အကြင်မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ– ဘဝများစွာ ရှေးရှေးအခါ၌၊ ဝရဘောဇနဒါနေန– စားဖွယ် ခဲဖွယ် လျက်ဖွယ်နှင့် သောက်ဖွယ်ဖြာဖြာပေးလှူရာဝယ် သြဇာပြည့်ဝမွန်မြတ်သော အာဟာရကို ပေးလှူခဲ့ခြင်းကြောင့်၊ သတ္တုဿ– ဒေါစေဝ– လက်ဖမိုးတော် ၂–ဘက်၊ ခြေဖမိုးတော် ၂–ဘက် ပခုံးတော် ၂–ဘက် လည်ကုတ် တော်အားဖြင့် ၇–ပါးသောအရပ် တို့၌ ပြည့်ဖြိုးသော အသားတော်ရှိသည် လည်းကောင်း၊ ဝရဘောဇီစ– ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ မွန်မြတ်သောအစာကို၊ ရတော်မူ သည်လည်းကောင်း၊ ဟောတိ–အကြောင်းအလိုက် အကျိုး ဆိုက်၍သိုက်မြိုင် ထင်ပေါ် ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ– သတ္တုဿဒတာ လက္ခဏာနှင့် ကောင်းစွာကုံလုံ ပြည့်စုံ တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် တပည့်တော် မသည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။



မြတ်စွာဘုရားရှင်၏ ၇–ဋ္ဌာနသောနေရာတို့သည် အသားအရည်ပြည့်၍ မို့မို့မောက်မောက် ရှိတော်မူ၏။ ထို ၇–ဋ္ဌာနကား

(၁) လက်ဖမိုးတော် –၂–ဖက်
(၂) ခြေဖမိုးတော် –၂–ဖက်
(၃) ပခုံးတော် –၂–ဖက်
(၄) လည်ကုတ်တော် တို့ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ လက်ဖမိုးတော် ၂–ဖက်သည် ပြားချပ်ချပ်မနေပဲ အသားအရည်ပြည့်၍ မို့မို့မောက်မောက် ရှိတော်မူ၏။ ခြေဖမိုးတော် –၂–ဖက်သည်လည်း ပိပိပြားပြား မနေပဲ အသားအရည် ပြည့်ဖြိုးတော်မူ၍ မို့မောက်တော်မူ၏၊

ပခုံးတော် –၂–ဖက်လည်း ချိုင့်လျက်မနေပဲ အသားအရည်ပြည့်ဖြိုးတော်မူ၏။ လည်ကုတ်တော်လည်း အရိုးမထင်ပေါ်ပဲ အသား အရည်ပြည့်ဖြိုးတော်မူ၏။ ဤသို့လျှင် ၇–ပါးသောဌာနတို့၌ သူတစ်ပါးတို့ထက် အသားအရည်ပြည့်ဖြိုး၍ မို့မို့မောက်မောက်ရှိတော် ရှိတော်မူခြင်းကို သတ္တုဿဒတာလက္ခဏာတော်ဟု ခေါ်သည်။ (သတ္တ၇–ပါးသော အရပ်တို့၌၊ ဥဿဒတာ– အသားတို့၏ များသည်၏အဖြစ် ပြည့်ဖြိုးတော်မူသည်၏အဖြစ်)။

**အကြောင်းကောင်းမှု**

ဤသတ္တုဿဒတာလက္ခဏာတော်နှင့်ပြည့်စုံရခြင်းမှာ ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့စဉ်က များစွာသောဘဝတို့ဝယ် စားဖွယ် မုန့်ခဲဖွယ် သောက်ဖွယ်ဖြစ်သော အာဟာရတို့ကို ပေးလှူသောအခါ အဆီသြဇာပြည့်စုံသော အရသာရှိသော အာဟာရတို့ကို ပေးလှူတော်မူ၏။ အဆီသြဇာခြောက်ခန်းသော အာဟာရတို့ကိုမပေးလှူခဲ့။ ဤသို့ မွန်မြတ်သော အာဟာရတို့ကို ပေးလှူတော်မူ ခဲ့ခြင်းကြောင့် သတ္တုဿဒတာလက္ခဏာနှင့် ပြည့်စုံတော်မူသည်။

ထို့ကြောင့် မိမိတို့လည်း ဗုဒ္ဓမြတ်စွာ၏ သတ္တုဿဒတာလက္ခဏာတော်ကို အာရုံပြု၍ မိမိတို့ လှူဒါန်းသောအခါ တတ်နိုင်ပါက အဆီသြဇာရှိသော အာဟာရတို့ကိုသာ စွန့်ကြဲပေးကမ်းလှူဒါန်းကြပါလေ။

# မုဒုတလုဏဟတ္ထပါဒတာ လက္ခဏာတော်နှင့် ဇာလဟတ္ထပါဒတာ လက္ခဏာတော် (၂)ပါး

မုဒုတလုဏဟတ္ထပါဒတာလက္ခဏာတော်ဟူသည် မုဒု–နူညံ့သော၊ တလုဏ–နုပျိုသော၊ ဟတ္ထ–လက်၊ပါဒ–ခြေတော်ဟု အသီးသီးတစ် ပုဒ်ခြင်း ခွဲ၍မှတ်သားနိုင်သည်။ နုပျိုသော နူညံ့သောလက်တော်ခြေတော်ရှိသည့်လက္ခဏာဖြစ်သည်။ မြတ်စွာဘုရားရှင်၏ လက်တော် ခြေတော်တို့သည် များစွာသောလူတို့၏ လက်ခြေကဲ့သို့ မကြမ်းတမ်းပဲ နုနုညံ့ညံ့ ရှိတော်မူ၏။ သက်တော်ရွယ်တော် ကြီးရင့်သော် လည်း နုပျိုတော်မူ၏။ ဤသို့လက်တော် ခြေတော်နုပျိုတော်မူခြင်းကို မုဒုတလုဏဟတ္ထပါဒတာ လက္ခဏာဟုခေါ် သည်။

ဇာလဟတ္ထပါဒတာဟူသည် မြတ်စွာဘုရားရှင်တော်၏ လက်မခြေမမှတစ်ပါးသော လက်ချောင်းခြေချောင်းတော်တို့သည် အရှည်ပမာဏ အားဖြင့် ညီမျှကြကုန်၏။ အလွန်ကျွမ်းကျင်သော လက်သမားသည် လေသာပြတင်းပေါက်၌ ဇာကွန်ယက် တပ်သောအခါ အဖျားညီညီ စီရရီရှိအောင် တပ်၏။ ထို့ကြောင့် မြတ်စွာဘုရား ၏လက် ချောင်းခြေချောင်းတို့ ညီနေပုံကို လေသာပြတင်းဝယ်တပ်ထားသည့် ဇာကွန်ယက်နှင့် တူသည်ကို ဇာလဟတ္ထပါဒတာဟု ခေါ်သည်။

ဤလက္ခဏာနှစ်ပါးနှင့်ပြည့်တော်မူရခြင်း အကြောင်းကောင်းမှု

ဗုဒ္ဓမြတ်စွာဘုရားသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် လူတို့ကို သင်္ဂဟတရား (၄)ပါးဖြင့် ချီးမြှောက်ပေးသည်။ ချီးမြှောက်သည်ဟူသည် မိမိကိုမမုန်းအောင် ချစ်ခင်အောင် သိမ်းသွင်းခြင်းပင်တည်း၊ ထိုသိမ်းသွင်းနည်းသည် လေးမျိုးရှိ၏။ ထိုလေးမျိုးကား…

(၁) ဒါနဖြင့်သိမ်းသွင်းခြင်း
(၂) ပိယဝါစာဖြင့် သိမ်းသွင်းခြင်း၊
(၃) အတ္ထစရိယာဖြင့်သိမ်းသွင်းခြင်း၊
(၄)သမာနတ္တတာဖြင့် သိမ်းသွင်းခြင်း ဖြစ်ကြသည်။

(၁) ဒါနဖြင့်သိမ်းသွင်းပုံ

အချို့လူများသည် ပစ္စည်းဥစ္စာမရှိ ဆင်ရဲနွမ်းပါး၏၊ ထိုလူတိုသည်ပေးကမ်းခြင်းကိုသဘောကျ၏။ ထိုလူတို့အားဘုရားလောင်းသည် စွန့်ကြဲပေးကမ်းခြင်းဖြင့် မိမိကိုမမုန်းအောင် ချစ်ခင်အောင် သိမ်းသွင်းခဲ့၏။

(၂) ပိယဝါစာဖြင့် သိမ်းသွင်းခြင်း

အချို့လူတို့သည် အထိုက်အလျောက်ပြည်စုံရကား စွန့်ကြဲပေးကမ်းခြင်းကိုမမျှော်လင့်ကြ။ ချစ်ခင်ဖွယ်ရာချိုသာသောစကားဖြင့် ပြောဆိုဆက်ဆံမှုကိုသာအလိုရှိကြ၏။

ဘုရားအလောင်းသည် ထိုသူတို့နှင် သင်တော်သောစကားအသုံးအနှုန်းဖြင့် ချိုချိုသာသာ သုံး၍ ချစ်ခင်အောင်သိမ်းသွင်းခဲ့၏။

(၃) အတ္ထစရိယာဖြင့် သိမ်းသွင်းခြင်း (အတ္ထ–အကျိုးစီးပွားတိုးတက်အောင်၊ စရိယာ–ပြုကျင့်ခြင်း)

အချို့လူတို့သည် စွန့်ကြဲပေးကမ်းခြင်းကိုမလိုလား၊
ပိယဝါစာဖြင့်ပြောဆိုခြင်းကိုအရေးတကြီးဟုသဘောမထား။လောကကြီးပွား ရေး
နောင်တမလွန်ချမ်းသာရေးကိုသာနည်းပေးလမ်းပြပြောဆိုခြင်းကိုသာ အလိုရှိကြ၏။
ဘုရားအလောင်းတော်သည် ထိုသူတို့ အတွက် ပစ္စုပ္ပန်ကြီးပွားရေး
တမလွန်ကြီးပွားရေးတို့သာ နည်းပေးလမ်းပြသောအားဖြင့် သိမ်းသွင့်ခဲ့၏။

(၄) သမာနတ္တတာဖြင့် သိမ်းသွင်းခြင်း (သမာန– မိမိနှင့်တန်းတူသော၊ အတ္တတာ–သဘောရှိသူ၏အဖြစ်)

အချို့သူတို့သည် စွန့်ကြဲပေးကမ်းခြင်း ပိယဝါစာပြောဆိုခြင်း
အတ္ထစရိယာတို့ကိုမတောင်းတသူတို့ဘာသာပြည့်စုံပြီးဖြစ်ကြသည်။ ထိုသူတို့သည်
အတူသွား အတူလာ အတူနေအတူစားခြင်းစသည်ဖြင့် တန်းတူထား၍
ဆက်ဆံခြင်းကိုလိုလားကြသည်။ ဘုရားအလောင်းတော်သည် ထိုသူတို့ကို အရာရာ၌
တန်းတူထား၍ သိမ်းသွင်းခဲ့၏။

ဤသို့ ပြအပ်သည့်အတိုင်း သူတစ်ပါးကို စိတ်ချမ်းသာအောင် စိတ်နည့်အောင် အမျိုးမျိုး သောနည်းလမ်းဖြင့်ချီးမြှောက်သိမ်းသွင်းခဲ့ ခြင်းကြောင့် ဘုရားဖြစ်တော်မူသည့်ဘဝ၌ မုဒုတလုဇဟတ္ထပါဒတာလက္ခဏာတော်နှင့် ဇာလဟတ္ထပါဒတာလက္ခဏာတော်တို့ကိုရရှိတော်မူခဲ့ခြင်းဖြစ်သည်။

ဤသို့အကြောင်းအကျိုးတို့ကိုစဉ်စားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်နှစ်ပါးကိုအာရုံပြု၍ ဘုရားရှိခိုးကြပါစို့

**ဇနသင်္ဂဟတော ပုဗ္ဗေ၊ မုဒုဟတ္ထပဒေါ ဇိနော၊**
**ဇာလဟတ္ထပဒေါ စေဝ၊ သုသင်္ဂဟဇနော နမေ။**

ယော ဇိနော– အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာရှေးရှေးအခါ၌၊
ဇနသင်္ဂဟတော– သင်္ဂဟတရားလေးပါးဖြင့် လူအများကိုချီးမြှောက်ခဲ့ခြင်းကြောင့်၊
မုဒုဟတ္ထပါဒေါစေဝ– ဇာကွန်ယက်ပမာ ညီစွာတည်သော လက်ချောင်းခြေချောင်းတော်
ရှိသည်လည်းကောင်း၊ သုသင်္ဂဟဇနောစ– မခွဲမခွာအမြဲပါအောင် ကောင်းစွာ သိမ်သွင်း
အပ်သောအခြွေအရံရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍
သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ ဇိနံ–မုဒုဇာလဟတ္ထ ပါဒတာလက္ခဏာတော်
နှစ်ပါးနှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ– ဘုရားတပည့်တော် (တပည့်
တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

# ဥဿဉ်္ခပါဒတာ လက္ခဏာတော်နှင့် ဥဒ္ဓဂ္ဂလောမတာ လက္ခဏာတော် (၂)ပါး

**ဗုဒ္ဓေါ ဥဂ္ဂတဝါစာယ၊ ဘာသတုဿင်္ခပါဒကော၊ ဥဒ္ဓဂ္ဂလောမကောစေဝ၊ လောကဂ္ဂေါစာပိ တံ နမေ။**

ယော ဗုဒ္ဓေါ–အကြင်မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ– ဘဝများစွာ ရှေးရှေးအခါ၌၊ ဥဂ္ဂတဝါစာယ– လူအများ တို့ စီးပွါးမြင့်လျက် တိုးတက်ကြောင်း တရားစကားကို၊ ဘာသတော– ဟောပြောတော်မူခဲ့ခြင်းကြောင့်၊ ဥဿင်္ခ ပါဒကောစ– အောက်သို့မသက် အထက်တက်သည့် ဖမျက်အနေခြေတော်ရှိသည်လည်းကောင်း၊ ဥဒ္ဓဂ္ဂလောမ ကောစေဝ– ရှေ့မျက်နှာတော်ဖူးမျှော်လိုဘိ မော်၍ကြည့်သို့ အဖျားလှည့်မော်မွေးညှင်းတော်ရှိသည်လည်း ကောင်း၊ လောကဂ္ဂေါစာပိ– သတ္တလောကဟူသမျှဝယ် အစစ အရာရာ အသာဆုံး မြတ်ဆုံးသည်လည်း ကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– ဥဿင်္ခပါဒ ဥဒ္ဓဂ္ဂလောမတာ လက္ခဏာတော်နှစ်ပါးနှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ–ဘုရား တပည့်တော် တပည့်တော်မသည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုးလက်စုံမိုး ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤလက္ခဏာတော် –၂ပါးသည် ၃၂–ပါးသော လက္ခဏာတော်တို့တွင် ၉–ခုမြောက်လက္ခဏာ တော်နှင့် ၁၀–ခု မြောက်လက္ခဏာတော်ကြီးဖြစ်သည်၊ ဥဿင်္ခပါတာလက္ခဏာတော် ဟူသည် အထက်သို့ မြင့်တက်သောဖမျက်တော်ရှိခြင်းကိုခေါ်သည်။

## မြင့်သောဖမျက်တော်ရှိပုံ

များစွာသောလူတို့၏ ခြေမျက်စိဟုခေါ်အပ်သော ဖမျက်သည် ခြေဖမိုးနှင့် နီးကပ်၍ အနည်းငယ် အောက်ကျ လျက်ရှိ၏။ ဗုဒ္ဓမြတ်စွာ၏ ဖမျက်တော်ကား ခြေဖမိုးအထက်၌ လက်နှစ်သစ် လက်လေးသစ်လောက်မြင့်တက် နေ၏။ ထိုသို့မြင့်တက်နေသော်လည်း ဘုကြီးအဖြစ်ဖြင့် ထင်ရှား၍မနေ၊ မသိမသာ ပြေပြစ်နေသည်။

ဥဒ္ဓဂ္ဂလောမတာလက္ခဏာတော်ဟူသည်ကား အထက်သို့အဖျားလှည့်သော မွေးညှင်းတော်ရှိ ခြင်း ကိုဆိုလိုသည်။

## မွေးညှင်းတော်၏ အထက်သို့အဖျားလှည့်ပုံ

များစွာသောလူတို့၏ မွေးညှင်းတို့သည် အောက်ဖက်သို့ အဖျားလှည့်ကုန်၏။ မြတ်စွာဘုရား ရှင်၏မွေးညှင်းတော် ကား မျက်နှာတော်ကို မော်၍ကြည့်သကဲ့သို့ အထက်သို့အဖျားလှည့်၍ နေကုန်၏။

## အကြောင်းကောင်းမှု

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် ဆရာမိဘအဖြစ် မိတ်ဆွေအဖြစ်ဖြင့် တပည့်သားသမီးတို့နှင့် မိတ်ဆွေတို့အား ဤဘဝနောက်ဘဝတို့၌ ကြီးမြင့်ကြောင်း ကောင်းကောင်းသော တရားစကားကိုသာ ဟောလေ့ပြောလေ့ရှိခဲ့ပေသည်။ ထို့ကြောင့် ဘုရားဖြစ်တော်မူသောအခါ၌ အထက်ပါ လက္ခဏာတော်ကြီး ၂–ပါးနှင့် ပြည့်စုံရခြင်းဖြစ်သည်။ ဤနှစ်ပါးသော လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံခြင်းကြောင့် မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါဟူသမျှထက် အသာဆုံး၊ အမြတ်ဆုံး ဖြစ်ရခြင်းတည်း။

ဤသို့သောမြတ်စွာဘုရားရှင်၏ ထူးခြားသည်လက္ခဏာတော်နှစ်ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း လက်အောက်ငယ်သားတို့အား မြင့်မြတ်သော သြဝါဒစကားကိုသာ ပြောကြပါလေ။

# ဧဏိဇင်္ဃတာ လက္ခဏာတော်

၃၂ပါးသော လက္ခဏာတော်ကြီးတို့တွင် ၁၁–ခုမြောက်လက္ခဏာတော် ဘုရားရှိခိုး ဂါထာ

**သက္ကစ္စံ သိပ္ပဝါစေတာ၊ တေနေဏိ ဇင်္ဃလက္ခဏော**
**အနုစ္ဆဝိကလာဘောစ၊ သမ္ဗုဒ္ဓေါ ဟောတိ တံ နမေ။**

ယော သမ္ဗုဒ္ဓေါ– အကြင်မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ– ဘဝများစွာရှေးရှေးအခါ၌၊ သက္ကစ္စံ– တပည့် အပေါင်း ကြာမညောင်းဘဲ နည်းကောင်းချယ်လှယ် တတ်သိလွယ်မှု ကောင်းစွာပြု၍၊ သိပ္ပံ– ဝိဇ္ဇာသိပ္ပ စရဏနှင့် ကမ္မဿကတာ ဉာဏ်ပညာအထိ သိဖွယ်တတ်ဖွယ် ကျင့်ဖွယ်အပေါင်း အတတ်ကောင်းကို၊ ဝါစေတာ– မေတ္တာ ကရုဏာ ရှေးရှုကာဖြင့် ဆရာအနေပို့ချခဲ့ပေ၏။ တေန– ထိုသို့လေးလေးစားစားအတတ်များကို၊ သင်ကြားပြ သ ပို့ချခဲ့ခြင်းကြောင့်၊ ဧဏိဇင်္ဃလက္ခဏောစ– ဧဏီမည်သောသားကောင်၏ သလုံးအသွင် အစဉ်အဆက် လုံး၍ တက်သောခြေသလုံးတော်ရှိသည်လည်းကောင်း၊ အနုစ္ဆဝိကလာဘောစ– ရဟန်းတော်များနှင့်သင့်လျော် လျောက်ပတ် ကောင်းသောလာဘ်ရှိတော်မူသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ်ဖြစ်ထွန်းတော်မူ၏။ တံ သမ္ဗုဒ္ဓံ– ဧဏိဇင်္ဃတာ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထို မြတ်စွာ ဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ ၏အရှင်ဘုရား။

ဧဏိဇင်္ဃတာ လက္ခဏာတော်ဟူသည် ဧဏီမည်သောသားကောင်၏ ခြေသလုံးနှင့်တူသော ခြေသလုံးတော်ရှိသော လက္ခဏာတော်ဖြစ်သည်။ မြတ်စွာ ဘုရားရှင်၏ သလုံးမြင်းခေါင်း တင့်တယ်ပုံကိုပြဆိုခြင်းဖြစ်သည်။

## သလုံးမြင်းကောင်းတင့်တယ်ပုံ

များစွာသောလူတို့၏ ခြေသလုံးသည် နောက်ဖက်က ဆန်အိပ်ကလေးကဲ့သို့ တွဲ၍ရှေ့ဖက်၌ အရိုးအချောင်း ချောင်းပေါ်ထင်နေ၏။ ဘုရားရှင်တော်၏ ခြေသလုံးသည်ကား ရှေ့ရော နောက်ပါ အသားမျှလျက် တခဲနက် လုံးဝန်း၍ နေပုံကို ဧဏီမည်သော တောဆိတ်နက်၏ ခြေသလုံးနှင့် ဥပမာပြုကြသည်။

## အကြောင်းကောင်းမှု

ဤလက္ခဏာတော်နှင့်ပြည့်စုံရန် ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ဆရာသမား အဖြစ်ဖြင့် အတက်ပညာကိုသင်ပေးသောအခါ မိမိတပည့်အပေါင်းကို ဒူးတုတ်စေခြင်းအားဖြင့်လည်းကောင်း၊ အစေအပါးခိုင်းခြင်း အားဖြင့်လည်းကောင်း၊ ဒူးတို့ကိုညောင်းစေ၍ ကြာရှည်စွာမသင်ရဘဲ တတ်လွယ်အောင် နည်းကောင်းလမ်းကောင်း စည်းမျဉ်းကောင်းတို့ကို ညွှန်ပြလျက်သင်ပေးခဲ့၏။ ဤသို့ တက်လွယ်အောင် သင်ပေးခဲ့ခြင်းကြောင့် ဤလက္ခဏာတော်နှင့်ပြည့်စုံတော်မူရခြင်းဖြစ်သည်။

ဤလက္ခဏာတော်နှင့်ပြည့်စုံခြင်းကြောင့် ဘုရားဖြစ်တော်မူသောအခါ လာဘ်လာဘတို့ကို လွယ်လွယ်ကူကူ ရရှိတော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ ဤလက္ခဏာတော်ကို အာရုံပြုကာ မိမိတို့လည်း ဆရာဖြစ် သောအခါ တပည့်တို့အား တတ်လွယ်အောင် သင်ပေးကြပါကုန်။

# သုခုမစ္ဆဝိတာလက္ခဏာတော်ကြီး

သိမ်မွေ့သောအရေတော်ရှိတော်မူသဖြင့် သုခုမစ္ဆဝိတာလက္ခဏာဟုခေါ်သည်။ (သုခုမ– သိမ်မွေ့သော၊ ဆဝိတာ– အသားပေါ်ကအရေရှိတော်မူခြင်း)။ များစွာသော လူတို့၏ အသားအရေသည် သိမ်မွေ့နုညံ့ခြင်းမရှိလှ၊ အချို့မှာ ကြမ်းရှပြင်နေသေး၏။ စိုစိုပြေပြေလည်းမရှိ၊ မွဲခြောက်ခြောက်ဖြစ်နေတက်၏။ ဗုဒ္ဓမြတ်စွာ၏ အသားအရေတော် ကားသိမ်မွေ့သောအကြောင်းအရာကို မေးမြန်း၍ကျင့်ခဲ့သော ကုသိုလ်ကံကြောင့် သိမ်မွေ့နုညံ့တော်မူသည်။

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် ပညာရှိပုဂ္ဂိုလ် အထံချဉ်းကပ်၍ ကုသိုလ် တရားဟူသည် အဘယ်နည်း၊ အကုသိုလ်တရားဟူသည် အဘယ်နည်း၊ အဘယ်တရားကိုပြုကျင့်လျှင် မကောင်းကျိုးရ၍၊ အဘယ်အကျင့် ကိုပြု ကျင့်လျှင် ကောင်းကျိုးကိုရပါသနည်းဟု သိမ်မွေ့သောအကြောင်း အရာကို မေးမြန်း လေ့ရှိ၏။ ထိုကဲ့သို့ မိမိထက်တတ်သိသော ပညာရှိအထံ၌ သိမ်မွေ့သောအကြောင်းအရာ တရား စကားကို မေးမြန်းခဲ့ခြင်းကြောင့်သုခုမစ္ဆဝိတာလက္ခဏာ တော်နှင့်ပြည့်စုံတော်မူရပေ သည်။

ထို့ကြောင့်သူတော်စဉ်အားလုံးလည်း မြတ်စွာဘုရားရှင်၏ ဤလက္ခဏာတော်ကို စဉ်းစား ဆင်ခြင်ဗုဒ္ဓါနုဿတိ ပွားများကာ ပညာရှိများထံ ချဉ်းကပ်၍ ကုသိုလ်အကုသိုလ်နှင့် ထိုကံ၏အကျိုးရပုံအစရှိသည့် တရားစကားများ ကိုမေးမြန်းကြပါလေ။

**ပရိပုစ္ဆနကော ပုဗ္ဗေ၊ ပဏ္ဍိတံ ကုသလာဒိကံ၊**
**သုခုမစ္ဆဝိကော ဗုဒ္ဓေါ၊ မဟာပညောစ တံ နမေ။**

ယော ဗုဒ္ဓေါ– အကြင်မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ– ဘဝများစွာ ရှေးရှေးအခါ၌၊ ပဏ္ဍိတံ– လောကဓမ္မ နှစ်ဌာန၌ကျနသိမြင်ပညာရှိ ပုဂ္ဂိုလ်ကို၊ ကုသလာဒိကံ– ကုသိုလ် အကုသိုလ် ထိုထိုများစွာ အကြောင်းအရာကို၊ ပရိပု စ္ဆနကော– အမှန်သိရေး အဖန်ဖန် မေးခဲ့ခြင်းကြောင့်၊ သုခုမစ္ဆဝိကော– နုညံ့သိမ်မွေ့သောအသားအရေ တော်ရှိသည် လည်းကောင်း၊ မဟာပညောစ– ကြီးကျယ်သော ပညာတော်ရှိသည်လည်း ကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– သုခုမစ္ဆဝိတာလက္ခဏာ တော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

# သုဝဏ္ဏဝဏ္ဏတာ လက္ခဏာတော်

များစွာသောလူတို့၏အသားအရေသည် အဆင်းအမျိုးအမျိုးရှိကြသော်လည်း ရွှေဆင်းရှိသူကားနည်းပါးလှချေ ၏။ မြတ်စွာဘုရားရှင်တော်၏ အသားအရေသည် ဇမ္ဗူရာဇ်ရွှေ သိင်္ဂီရွှေအဆင်းတို့ကဲ့သို့ ဝင်းဝင်းဝါးဝါးလွန်စွာ တင့်တယ်တော်မူသည်။ ထိုကဲ့သို့ဝင်းဝါသောအသားအရေရှိတော်မူခြင်းကို သုဝဏ္ဏဝဏ္ဏတာလက္ခဏာဟုခေါ် သည်။

မြတ်စွာဘုရားရှင်တော်သည် ဘဝများစွာဖြစ်ခဲ့ရ၌ များစွားသောဘဝတို့ဝယ် အဝတ်ကို လှူသောအခါ လှူဖို့ရန် အဆင်သင့်ရှိလျှင် နုညံ့သောအဝတ်အရုံ ခြုံထည်အခင်း တို့ကိုပေးလှူလေ့ရှိသည်။ထို့အပြင်များစွာသောဘဝ တို့ဝယ် အမျက်ဒေါသမထွက်အောင် စောင့်စည်းချုပ်တည်းလေ့ရှိခဲ့ပေသည်။ ဤသို့နုညံ့သောအဝတ်တို့ကို ပေးလှူခဲ့ခြင်းနှင့်၊ အမျက်ဒေါသမဖြစ်အောင် ဖြစ်ပြန်လျှင်လည်း အပြင်မထွက်ရအောင် စောင့်စည်းချုပ်တည်းခဲ့ ခြင်းကြောင့် ဘုရားဖြစ်တော်မူသောအခါ ဝင်းဝါးသောရွှေအဆင်းရှိတော်မူရခြင်းဖြစ်သည်။

**သုခုမဝတ္ထဒါနေန၊ အက္ကောဓေန ပုရေ ဘဝေ၊**
**ဟေမဝဏ္ဏော ဇိနော လာဘီ၊ မုဒုဝတ္ထာနဥ္စ တံ နမေ။**

ယော ဇိနော– အကြင်မြတ်စွာဘုရားသည်၊ ပုရေ ဘဝေ– ဘဝများစွာရှေးရှေးအခါ၌၊ သုခုမဝတ္ထဒါနေန– သိမ်မွေ့နုညံ့သောအဝတ်အရုံ အခြုံအခင်းတို့ကို ပေးလှူခဲ့ခြင်း ကြောင့်လည်းကောင်း၊ အက္ကောဓေနစ– အမျက်ဒေါသ မထွက်ရအောင် နိစ္စချုပ်တည်း စောင့်စည်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ဟေမဝဏ္ဏော– ရွှေအဆင်း ကဲ့သို့ဝါဝင်း သောအဆင်းတော်ရှိ သည်လည်းကောင်း၊ မုဒု ဝတ္ထာနံ– နုညံ့သော အဝတ်အရုံ အခြုံအခင်းတို့ကို၊ လာဘီစ–ရခြင်း ရှိတော်မူ သည် လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ်ဖြစ် ထွန်းတော်မူ၏။ တံ ဇိနံ– သုဝဏ္ဏဝဏ္ဏ တာလက္ခဏာ တော်နှင့်ပြည့်စုံတော် မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မသည်)၊ နမေ နမာမိ– ယုံကြည်မြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

ဆွမ်းစသော အာမိသအကောင်အမွန်တို့ကိုပေးလှူခဲ့ခြင်း၊ ဘုရားတန်ဆောင်အတွင်း ကျောင်းဝိုင်းအတွင်းဖြစ်စေ၊ လူအများသွားလာရာလမ်း၌ဖြစ်စေ သန့်သန့်ရှင်းရှင်း ဖြစ်အောင်တံမြက်လှည်းလေ့ရှိခြင်းကြောင့်လည်းရွှေအဆင်းရှိသူများ ဖြစ်နိုင်ပါသည်။ ကုသိုလ်ဒါနများလုပ်သောအခါ၌လည်း နုညံ့သော အဝတ်အထည် များကိုပေးလှူ ခြင်းဖြစ်လည်း ဝင်းဝါးသောအသားအရေးရှိခြင်း အကျိုးကျေးဇူးရနိုင်ပါသည်။ ထို့သို့ပေးလှူရာ၌ အသားအရေရွှေအဆင်းရှိဖို့အရေးကိုတွေးတော၍ဆုမတောင်းမိစေဘဲ နိဗ္ဗာန်ကိုသာ ရည်စူးကြပါလေ။

# ကောသောဟိတဝတ္ထဂုယှတာ လက္ခဏာတော်

**ဥဂ္ဂတိမိတ္တေ သမာနေတာ၊ ပုဗ္ဗေ တေန တထာဂတော၊**
**ကောသောဟိတ ဝတ္ထဂုယှော၊ ဗဟုပုတ္တောအစ တံ နမေ၊**

ယော တထာဂတော– အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာရှေးရှေးအခါ၌၊ ဥဂ္ဂတိမိတ္တေ– အမိတစ်ခြား သားတစ်ခြားသို့ ကွဲပြား၍နေ ဆွေမျိုးမိတ်ဆွေတို့ကို၊ သမာနေတာ–ပြန်၍ပေါင်းဆုံးတွေ့ကြုံမိအောင်ပို့ဆောင် တော်မူ၏။ တေန– ထိုသို့ပြန်၍တွေ့အောင် ပို့ဆောင်ခဲ့ခြင်းကြောင့်၊ ကောသောဟိတဝတ္ထဂုယှောစ–ဥသဘနွား မြတ်အင်္ဂါဇာတ်သို့ အအိမ်ဖြင့်ဖုံးအပ်သော အင်္ဂါဇာတ်တော်ရှိသည်လည်းကောင်း၊ ဗဟုပုတ္တောစ– များသော သားတော်ရှိသည်လည်းကောင်း၊ ဟောတိ–အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ်ဖြစ်ထွန်း တော်မူ၏။ တံ တထာဂတံ– ကောသော ဟိတဝတ္ထဂုယှတာ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသောထိုမြတ်စွာ ဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ–ယုံကြည်မြတ်နိုးလက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ဘုရား။

ကောသောဟိတဝတ္ထဂုယှတာ– (ကောသ–အအိမ်၌၊ ဩဟိတ–ထားအပ်သော၊ ဝတ္ထဂုယှ– အင်္ဂါဇာတ်) အအိမ်ဖြင့် ဖုံးထားအပ်သော အင်္ဂါဇာတ်ရှိတော်မူခြင်းကို ကောသောဟိတဝတ္ထ ဂုယှတာ လက္ခဏာတော်ဟုခေါ်သည်။

မြတ်စွာဘုရားရှင်၏ အင်္ဂါဇာတ်တော်သည် နွားလားဥသဘ၏ အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့် ဖုံးထား၏။ သာမန် လူသားတို့၏ အင်္ဂါဇာတ်ကဲ့သို့ တိုးလိုတွဲလဲ မနေပါ။ လူတို့အင်္ဂါ ဇာတ်သည် မမြင်အပ်သောအပြစ်တစ်မျိုး ပင်ဖြစ်သည်။ ထို့ကြောင့်အပြစ်ကို အအိမ်ဖြင့် ဖုံးထားတော်မူခြင်းကို ကောသောဟိတဝတ္ထဂုယှ–ဟုခေါ်သည်။ ဤလက္ခဏာ တော်သည် မြတ်စွာဘုရား၏ သာမန်ယောကျ်ားတို့ထက်ထူးခြားသည့် လက္ခဏာတော်ဖြစ်သည်။

## အကြောင်းကောင်းမှု

ကောသောဟိတဝတ္ထဂုယှတာ လက္ခဏာတော်နှင့်ပြည့်စုံရခြင်းမှာ ဗုဒ္ဓမြတ်စွာသည် ဘဝများစွာသောဘဝတို့၌ မိဘတို့နှင့်ကွဲနေသော သားသမီးတို့ကိုလည်းကောင်း၊ သားသမီးနှင့်ကွဲနေသော မိဘတို့ကိုလည်းကောင်း၊ ကွဲနေသောဆွေမျိုးတို့ကိုလည်းကောင်း၊ အချင်းချင်းပြန်၍တွေ့အောင်ကိုယ်တိုင်လည်း ပို့ဆောင်ခဲ့၏။ ရှင်ဘုရင်စသည်ဖြစ်သောအခါ မြို့တံခါးပေါက် စသောအရပ်တို့၌ မင်းချင်းယောကျ်ား အစေအပါးတို့ကို ထားပေးခဲ့၏။ ဤကောင်းမှုကြောင့် ဘုရားဖြစ်သည့် နောက်ဆုံးဘဝ၌ နွားလားဥသဘ၏ အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့်ဖုံးအပ်သောအင်္ဂါဇာတ်ရှိတော်မူခြင်းဟူသော လက္ခဏာတော်ကိုရတော်မူသည်။

မြတ်စွာဘုရားရှင်၏ ဤလက္ခဏာတော်ကို အာရုံပြု၍ဗုဒ္ဓါနုဿတိကိုပွားများပြီးလျှင် မိမိတို့လည်း ဆွေမျိုးချင်း သားအမိသားအဖချင်း သမီးခင်ပွန်းချင်း ကွဲနေသည်ကိုမြင်သောအခါ ပြန်၍ပေါင်းမိအောင် စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်ကြပါလေ။

# နိဂြောဓပရိမဏ္ဍလ လက္ခဏာတော်နှင့် ဓာဏုပရာမသန လက္ခဏာတော်ကြီး

နိဂြောဓပရိမဏ္ဍလ လက္ခဏာတော်ဟူသည် အရပ်တော်လေးတောင်ရှိတော်မူလျှင် လက်နှစ်ဖက်အလံတော်လည်း ကိုယ်လုံးနှင့်တကွ ၄–တောင်ပင်ရှိ၏။ ဤသို့အရပ်တော်နှင့် အလံတော်ညီမျှခြင်းကို အဝန်းညီမျှသော ပင်ညောင်ပင်နှင့်တူသောကြောင့် နိဂြောဓပရိမဏ္ဍလ လက္ခဏာတော်ဟုခေါ်၏။ ပင်ညောင်ပင် သည် အမြင့်အတောင် ၅၀–ရှိလျှင်ဘေးပတ် ဝန်းကျင်အပြန့်လည်းအတောင်ငါးဆယ်ပင်ရှိ၏။

ဓာဏုပရာမသနလက္ခဏာတော်ဟူသည် မြတ်စွာရှင် ဒူးတော်ကို သုံးသပ်ကိုင်လိုတော်မူလျှင် မတ်မတ်ရပ်တော်မူလျက်ပုဆစ်ဒူးဝန်း ၂–ဖက်တို့ကို လက်တော် ၂–ဖက်ဖြင့်ထိအောင် သုံးသပ်တော်မူနိုင်၏။

**ဂုဏာနုရူပ ကာရတော၊ နိဂြောဓ ပရိမဏ္ဍလော၊**
**ဌိတောဝါမသန္တော ဇာဏူ၊ မဟာဒ္ဓနောစ တံ နမေ။**

ယော တထာဂတော– အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာ ရှေးရှေးအခါ၌၊ ဂုဏာနုရူပကာရတော– သူ၏ဂုဏ်နှင့် လျော်ကန်သင့်အောင် ချီးမြှင့်မှုကို ပြုခဲ့ခြင်းကြောင့်၊ နိဂြောဓပရိမဏ္ဍလောစ– ဝိုင်းဝန်းသော ပင်ညောင်ပင်ကဲ့သို့ ကိုယ်တော်နှင့်အလံ လျော်ကန်ညီညီ ဝန်းဝိုင်းတော်မူသည်လည်းကောင်း၊ ဌိတော၀–မကိုင်း မညွတ် မတ်မတ်ရပ်တော်မူလျက်သာလျှင်၊ ဇာဏူ– ပုဆစ်ဒူးဝန်း ၂ဖက်တို့ကို၊ အာမသန္တော– သုံးသပ် တော်မူနိုင်သည်လည်းကောင်း၊ မဟဒ္ဓနောစ– ပြည့်စုံရုံမျှ မကတိုးပွားအလွန်များသော လောကီလောကုတ္တရာ ဥစ္စာရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ ၏။ တံ တထာဂတံ– နိဂြောဓပရိမဏ္ဍလတာ ဓာဏုပရာမသန လက္ခဏာတော်နှစ်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုးလက်စုံ မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

## လက္ခဏာတော်နှစ်ပါးနှင့် ပြည့်စုံတော်မူရခြင်းအကြောင်း ကောင်းမှု

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာဖြစ်ခဲ့စဉ်က များစွာသောဘဝတို့ဝယ် သူတစ်ပါး၏ ဂုဏ်ကို အမှန်အတိုင်းသိတော် မူရကား ဂုဏ်ရှိသူတို့ကို ဂုဏ်ထူးအလိုက် ပေးကမ်းချီးမြှောက်ခဲ့၏။ လျှော့၍လည်းမချီးမြှောက်၊ ပို၍လည်း မချီးမြှောက်ပါ။ ဥပမာ– တစ်ကျပ်တန်သူအား ငါးမူး လည်းမပေး၊ နှစ်ကျပ်လည်းမပေး၊ တစ်ကျပ်သာပေးသကဲ့သို့တည်း။

ပြအပ်ပြီးသော လက္ခဏာတော် ၂–ပါး၏ဂုဏ်ရည်တို့ကိုအာရုံပြုကာ မိမိတို့လည်း ကိုယ့်အောက်ငယ်သားတို့ကို ဂုဏ်အားလျော်စွာ ချီးမြှောက်တက်ကြပါစေ။

# ဝတ္တက္ခန္ဓတာလက္ခဏာတော် စိတ္တန္တရတာလက္ခဏာတော် သီဟပုဗ္ဗဒ္ဓကာယတာ လက္ခဏာတော်ကြီးသုံးပါး

သုံးဆယ်နှစ်ပါးသော လက္ခဏာများ တို့တွင် (၁၇) ဝတ္တက္ခန္ဓတာ လက္ခဏာတော်ကြီး (၁၈) စိတ္တန္တရတာ လက္ခဏာတော် (၁၉)သီဟဗုဗ္ဗဒ္ဓကာယတာ လက္ခဏာတော်သုံးပါးတို့သည်လည်း မြတ်စွာဘုရားရှင်တော်၏ ထူးခြားသည့် လက္ခဏာတော်များ ဖြစ်ကြသည်။ မြတ်စွာဘုရားရှင်၏ ပုံတော်ကိုမိမိတို့၏ စိတ်အာရုံမှာ ရှင်းရှင်း လင်းလင်းထူးထူးခြားခြား အာရုံယူရရှိနိုင်ဘို့ လက္ခဏာတော်ကြီးများ၏ တစ်ခုချင်းစီကို သဘောပေါက်အောင် ဖတ်ရှုလေ့လာသင့်သည်။ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် ဘုရားကို အာရုံပြုကြည်ညိုသော အခါတွင် ရွှေတိဂုံဘုရားပုံတော်၊ မဟာမြတ်မုနိ ပုံတော် စသော စေတီပုထိုးများကိုသာ အာရုံပြုနိုင်ကြသည်။ ထိုစေတီပုထိုးများကို ကျော်၍ မြတ်စွာဘုရားရှင်၏ စစ်မှန်သော ထူးခြားသောဂုဏ်ရည်များကို အာရုံပြုကာ ပုံတော်မဖော်ယူနိုင်ကြပေ။ ထို့ကြောင့် စစ်မှန်သော မြတ်စွာဘုရားရှင်၏ ပုံတော်ကို စိတ်ဝယ်အာရုံပြုနိုင်ဖို့ လက္ခဏာတော်သုံးဆယ့်နှစ်ပါးကို သိရှိအောင်လေ့လာစေချင်ပါသည်။

ဝတ္တက္ခန္ဓတာလက္ခဏာတော်အရ မြတ်စွာဘုရားရှင်တော်၏ ထူးခြားသည့်လက္ခဏာမှာ လုံးသော လည်ပင်းတော် ရှိတော်မူခြင်းဖြစ်သည်။ အချို့သူတို့၏ လည်ပင်းသည် ကြိုးကြာ(ဂျိုးဂျာ)လည်ပင်းကဲ့သို့ရှည်၍ နေတတ်၏။ အချို့လည်ပင်းကား ဗျိုင်း၏လည်ပင်းကဲ့သို့ကောက်၍ နေတတ်၏။ အချို့လည်ပင်းမှာ တောဝက်၏လည်ပင်း ကဲ့သို့ပြန့်ကျယ်၍ နေတတ်၏။

ဘုရားရှင်၏လည်ပင်းတော်သည် လည်ကုပ်တော်လုပရကား ကောင်းစွာလုံးအပ်သော ရွှေမုရိုးစည်ကဲ့သို့ တင့်တယ်တော်မူ၏။ စကားပြောသောအခါမှာလည်း လည်ပင်းအကြောများ မထင်ရှားဘဲ မိုးခြိမ်းသံကဲ့သို့ အသံတော်လည်းဟိန်း၍နေပါသည်။

စိတ္တန္တရတာလက္ခဏာတော်အရ လက်ပြင်ရိုး ၂-ဖက်အကြား၌အသားပြည့်ပုံ နောက်ကျောပြင်ဝယ်လည်ကုပ်၏ အောက်၌ပေါ်ထွက်၍နေသော အရိုးနှစ်ဖက်ရှိ၏။ လက်ပြင်ရိုးဟုခေါ်၏။ များစွာသောလူတို့၏လက်ပြင်ရိုး ၂-ဖက်ကြား၌များသောအားဖြင့် အသားမပြည့်ချေ။

မြတ်စွာဘုရားရှင်မှာ ခါးမှအထက်ပခုံးတိုင်အောင် အသားလွှာပြည့်နေသောကြောင့် ထိုပြင်လက်ပြင်၂-ဖက်ကြား၌လည်း ရွှေပျဉ်ပြားကဲ့သို့ အသားပြည့်တော်မူလျက်ရှိပေသည်။

သီဟပုဗ္ဗဒ္ဓကာယတာလက္ခဏာတော်အရ မြတ်စွာဘုရားရှင် ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ အထက်ပိုင်းအောက်ပိုင်း နှစ်ပိုင်းလုံးဝယ် တုတ်တုတ်ခိုင်ခိုင်ရှိတော်မူ၏။ တုတ်တုတ်ခိုင်ခိုင်ဟုဆိုသော်လည်း ကြည့်ရှု၍မလှပအောင် ဝဝဖိုင့်ဖိုင့် ဘုတ်ထိုင်းထိုင်းမဟုတ်ပါ။ ပြည့်ပြည့်ဖြိုးဖြိုး ပြေပြေပြစ်ပြစ်သွက်သွက် လက်လက်သာတည်း။

## လက္ခဏာတော်သုံးပါးနှင့် ပြည့်စုံတော်မူရခြင်း အကြောင်းကောင်းမှု

မြတ်စွာဘုရားရှင်သည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် သတ္တဝါများ၏ ကြီးပွားချမ်းသာကြောင်း ကိုသာအလိုရှိတော်မူရကား ပြုလေသမျှကိစ္စအဝဝတို့၌ ပရဟိတအမှုကိုသာပြုကျင့်တော်မူခဲ့ပေသည်။လောက ကြီးပွားရေးသာမက သဒ္ဓါသီလသုတစသော သူတော်ကောင်းဥစ္စာတို့၏ တိုးပွါးရေးကိုလည်းမျှော်တွေး၍ဟော ပြောပြသဆုံးမတော်မူခဲ့ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်တော်၏ ဤလက္ခဏာတော်တို့ကို အာရုံပြုကာ မိမိတို့လည်း လူအများ၏အကျိုး စီးပွားကို လိုလိုလားလားဆောင်ရွက်ကြပါလေ။

**မဟာဇနတ္ထကာမေန၊ ဝတ္တက္ခန္ဓော စိတန္တရော၊**
**သီဟပုဗ္ဗဒ္ဓကာယောစ၊ အဟာနိယောစ တံ နမေ။**

ယော တထာဂတော– အကြင်မြတ်စွာဘုရားသည်၊ ပုရေဘဝေ–ဘဝများစွာရှေးရှေးအခါ၌၊ မဟာဇနတ္ထ ကာမေန– သတ္တဝါအပေါင်းကြီးပွားကြောင်းကို ငဲ့စောင်းလိုလား ကြိုးစားတော်မူခဲ့ခြင်းကြောင့်၊ ဝတ္တက္ခန္ဓောစ– ရွှေမုရိုးစည်ကဲ့သို့ အညီပတ်ဝင်း လုံးသောလည်ပင်းတော်ရှိသည်လည်းကောင်း၊ စိတန္တရောစ– လက်ပြင်ရိုး နှစ်ဖက်အကြား၌ စီ၍ထားသကဲ့သို့ ပြည့်သောအသားတော်ရှိသည်လည်းကောင်း၊ သီဟပုဗ္ဗဒ္ဓကာယောစ– ခြင်္သေ့မင်း၏ရှေ့ထက်ဝက်ကိုယ်ကဲ့သို့ အထက်အောက်နှစ်ဌာန၌ ပြည့်ဝသော ကိုယ်တော် ရှိတော်မူသည် လည်းကောင်း၊ အဟာနိယောစ– သဒ္ဓါစသည် အလီလီနှင့် လောကီဓနဟူသမျှလည်း လျော့ကျဆုတ်ယုတ်ခြင်း မရှိသည်လည်းကောင်း၊ ဟောတိ–အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင် ပေါ်ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ– ဝတ္တက္ခန္ဓ စိတန္တရနှင့် သီဟပုဗ္ဗဒ္ဓကာယတာ သုံးဖြာသောလက္ခဏာတော် နှင့်ပြည့်စုံတော်မူ သော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

# ရသဂ္ဂသဂ္ဂိတ လက္ခဏာတော်

သုံးဆယ့်နှစ်ပါးသော မြတ်စွာဘုရားရှင်၏ လက္ခဏာတော်ကြီးတို့တွင် ယခုအခါ(၂၀)ပါး မြောက်လက္ခဏာတော် ဖြစ်သောရသဂ္ဂသဂ္ဂိတလက္ခဏာတော်ကို ကြည်ညိုပူဇော်နိုင်ဘို့ ဖေါ်ပြပါမည်။ ကျက်မှတ်လေ့လာကြပါစို့။

**အဝိဟေဌနတော ပုဗ္ဗေ၊ ပါဏီနံ ပါဏိအာဒိနာ၊**
**ဇိနော ရသဂ္ဂသဂ္ဂီစ၊ အပ္ပါဗာဓောစ တံ နမေ။**

ယော ဇိနော– အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာ ရှေးရှေးအခါ၌၊ ပါဏီနံ– သတ္တဝါတို့ကို၊ ပါဏိ အာဒိနာ– လက်အစရှိသည်ဖြင့်၊ အဝိဟေဌနတော– မညှဉ်းဆဲခဲ့ ခြင်းကြောင့်၊ ရသဂ္ဂသဂ္ဂီစ– အရသာကိုဆောင် ယူနိုင်သောအကြောတို့တွင် အမြတ်ဆုံးဖြစ်သော ခုနစ်ထောင်သောအကြောတော်ရှိသည်လည်းကောင်း၊ အပ္ပါဗာဓောစ– အနာရောဂါ များစွာလွတ်ကင်း ကျန်းမာခြင်းရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်း အလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ်ဖြစ်ထွန်းတော်မူ၏၊ တံ ဇိနံ– ရသဂ္ဂသဂ္ဂိ တာလက္ခဏာ တော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့် တော်(တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

ရသဂ္ဂသဂ္ဂိတဟူသည် ရသ–အရသာကို၊ ဂသ–ဆောင်နိုင်သောအကြောတို့တွင်၊ အဂ္ဂ– မြတ်သောအကြော တော်များဟု တစ်ပုဒ်ခြင်း၏ အဓိပ္ပါယ်များကို ခွဲခြားသိနိုင်ပါသည်။ ဘုရားဖြစ်သည့်နောက်ဆုံးဘဝ၌ စား သမ္ဘုအစာတို့၏အရသာကို ကောင်းစွာဆောင်ယူ နိုင်သော အကြောပေါင်းခုနစ်ထောင်တို့သည်၊ အထက်သို့ အဖျားလှည့်၍ လည်ပင်းမှာ စွပ်ထားသကဲ့သို့တည်ကုန်၏။ ထိုအကြောပေါင်းခုနစ်ထောင်ကြောင့် နှမ်းတစ်စေ့ လောက်သောအာဟာရကို လျှာဖျား၌တင်၍ ဝါးလိုက်လျှင် အရသာ၏အဆီဩဇာသည် တစ်ကိုယ်လုံးနှံ့အောင် ပြန့်နိုင်ပါသည်။ ထို့ကြောင့်ဒုက္ကရစရိယာကျင့်တော်မူသောအခါ၌ သစ်သီးတစ်လုံး ပဲပြုတ်ရေတစ်ခွက်စသော အာဟာရဖြင့်မျှတတော်မူနိုင်ပါသည်။

## အကြောင်းကောင်းမှု

မြတ်စွာဘုရားရှင်တော်သည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွားသောဘဝတို့ဝယ် လက်ဖြင့် လည်းကောင်း၊ လက်နက်ဖြင့်လည်းကောင်း၊ သတ္တဝါတို့ကိုမညှင်းဆဲမိ မနှိပ်စက်မိအောင် ရှောင်ကြဉ်တော်မူခဲ့၏။ ညှဉ်းဆဲ နှိပ်စက်လျှင် ညှင်းဆဲခံရသူ၏ အကြောတို့သည် ပျက်စီး ကုန်၏။ အကြောများပျက်ဆီးလျှင် စားသမ္ဘုအစာတို့၏ အရသာကိုကောင်းစွာမခံယူနိုင်ပေ။

ဘုရားရှင်သည် သတ္တဝါတို့ကို မညှင်းဆဲမနှိပ်စက်ခဲ့ခြင်း ကြောင့်စားလိုက်သမျှသော အာဟာတို့၏ အရသာကို ခံယူနိုင်သော အကြောပေါင်းတစ်ထောင်တို့ ကိုရရှိတော် မူခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း အနာရောဂါကင်းတော်မူခဲ့သည်။ မြတ်စွာဘုရားရှင် ၏ ဤလက္ခဏာတော်ကြီးကို အာရုံပြု ပွားများကာ မိမိတို့လည်းသတ္တဝါတို့ကို မညှင်းဆဲ မနှိပ်စက်မိအောင် သတိထားရှောင်ကြဉ်ကြပါလေ။

# အဘိနီလနေတ္တတာ လက္ခဏာတော်နှင့် ဂေါပခုမတာ လက္ခဏာတော်

ဤလက္ခဏာတော်(၂)ပါးသည် မြတ်စွာဘုရားရှင်၏ မျက်လုံးတော်ထူးခြားပုံကို ဖေါ်ပြသည့်လက္ခဏာတော်များ ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ မျက်လုံးတော်သည် ညိုသင့်ရာ အရပ်ဝယ် အောက်မဲညိုပန်း နှမ်းကြတ်ပန်းအသွေးကဲ့သို့ ညိုသော မျက်လုံးတော်လည်း ရှိတော်မူ၏။ မွေးဖွားခါစနွားနီငယ်၏ မျက်လုံးကဲ့သို့ မျက်တောင်မွေးစီရရီဖြင့် အလွန်ကြည်လင်သော မျက်လုံးတော်လည်း ရှိတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ ထူးခြား သောမျက်လုံးတော်ကို အာရုံပြု၍ နှလုံးသားတွင် ဘုရားတည်ကြပါစို့။

### ဩလောကနေန သတ္တာနံ၊ ပိယက္ခိနာ နီလက္ခိကော၊
### ဗုဒ္ဓေါ ဂေါပခုမော စေဝ၊ ပိယဒဿောစ တံ နမေ။

ယော ဗုဒ္ဓေါ–အကြင်မြတ်စွာဘုရားသည်၊ ပုရေဘဝေ– ဘဝများစွာရှေးရှေးအခါ၌၊ သတ္တာနံ– တွေ့ရာမြင်ရာ သတ္တဝါတို့ကို၊ ပိယက္ခိနာ– ချစ်ဖွယ်သောမျက်လုံးတော်ဖြင့်၊ ဩလောကနေန– ချစ်ဖွယ်အပြည့် ကြည့်တော်မူခဲ့ ခြင်းကြောင့်၊ နီလက္ခိကောစ– အောက်မဲညိုပွင့် နှမ်းကြတ်ပွင့်သို့ ညိုသင့်ထိုထို ရွှမ်းရွှမ်းစိုမျှ၊ ညိုသောမျက်လုံး တော်ရှိသည်လည်းကောင်း၊ ဂေါပခု မောစေဝ– မွေးစအရွယ် နွားနီငယ်၏ တင့်တယ်ကြည်အေးမျက်လုံးကလေးသို့ မျက်မွေးစီရရီ အလွန်ကြည်သော မျက်လုံးတော်ရှိသည်လည်းကောင်း၊ ပိယဒဿောစ– ချစ်ခင် ကြည်နူးဖူး၍ မဝလှပတင့်တယ် အလွန်သပ္ပါယ်သည်လည်းကောင်း၊ ဟောတိ–ကြောင်း အလိုက် အကျိုး ဆိုက်၍ သိုက်မြိုက် ထင် ပေါ်ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– နီလနေတ္တ ဂေါပခု မတာ လက္ခဏာတော် (၂)ပါးနှင့်ပြည့်စုံ တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရား တပည့်တော်(တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည် မြတ်နိုး လက်စုံမိုး ၍ရှိခိုးကန် တော့ ပါ၏ဘုရား။

### ဤလက္ခဏာတော်နှစ်ပါးနှင့် ပြည့်စုံတော်မူရခြင်း၏ အကြောင်းကောင်းမှု

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် တွေ့ရာကြုံရာသတ္တဝါတို့ကို ကြည့်သောအခါ မေတ္တာအပြည့်ချစ်ဖွယ်သော မျက်စိဖြင့် ကြည့်လေ့ရှိတော်မူခဲ့သည်။ ဤသို့ကြည့်တော်မူခဲ့ခြင်းကြောင့် ဖေါ်ပြခဲ့ ပြီးသောလက္ခဏာတော်နှစ်ပါးနှင့် ပြည့်စုံတော် မူရခြင်းဖြစ်သလို မြတ်စွာဘုရားရှင်၏ မျက်နှာတော်သည် ဖူး၍ မဝအောင်လှပတင့် တယ် တော်မူပါသည်။

ဤကဲ့သို့သောမြတ်စွာဘုရားရှင်၏ လက္ခဏာတော်ကို အာရုံပြု ဆင်ခြင်ပွားများကာ မိမိတို့ လည်း ချစ်ဖွယ်သော မျက်လုံးဖြင့် သူတစ်ပါးတို့ကိုကြည့်နိုင်အောင် မေတ္တာဘာဝနာအလုပ်ကို အားထုတ်ကြပါလေ။

# ဥဏှီသသီသတာလက္ခဏာတော်

**ဒါနာဒိ ပုညကမ္မေသု၊ ပုဗ္ဗင်္ဂမော တထာဂတော၊**
**တေန ဥဏှီသသီသောစ၊ ဇနာနုဝတ္တိစ တံ နမေ။**

ယော တထာဂတော–အကြင်မြတ်စွာဘုရားသည်၊ ပုရေဘဝေ–ဘဝများစွာ ရှေးရှေး အခါ၌၊ဒါနာဒိပုညကမ္မေသု– ဒါနစသည့် အလီလီသော ကုသိုလ်ကောင်းမှုတို့၌၊ ပုဗ္ဗင်္ဂမော– တက်တက်ကြွကြွ ရှေ့ကသွား၍ အများလိုက် အောင်ခေါင်းဆောင်တော်မူ၏။ တေန–ထိုကု သိုလ်ကောင်းမှု ကိစ္စစု၌ လုထုပါအောင် ခေါင်းဆောင်တော်မူခဲ့ခြင်း ကြောင့်၊ ဥဏှီသသီ သောစ– သင်းကျစ်အပြား ဖွဲ့ပတ်ထားသို့ သီးခြားဆန်းထူး မဟာနဖူးကြောင့် ဖူးရ ရွှင်ပျော် လုံးသောဦးခေါင်းတော်ရှိ သည် လည်းကောင်း၊ ဇနာနုဝတ္တိစ– လူနတ်ဗြဟ္မာ သတ္တဝါတို့ နောက်မှာစိုက်စိုက် လိုက်ပါ ခြင်းရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ်ဖြစ်ထွန်း တော်မူ၏၊ တံ တထာဂတံ– ဥဏှီသသီသတာ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော်(တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။



ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာသံသရာ၌ များစွာသော ဘဝတို့ဝယ် ဒါနစသော ကုသိုလ် ကောင်းမှုကို ပြုသော အခါဝယ် ခေါင်းဆောင်၍ပြုလေ့ရှိ၏။ ကောင်းသောအလုပ်ဝယ် ရှေ့သွားခေါင်းဆောင်ဖြစ်သောကြောင့် ပရိသတ် အပေါင်းဝယ် ဦးခေါင်းတမော့မော့နှင့် ပျော်ပျော်ကြီး လှည့်လည်နိုင်ခဲ့၏။

ထိုသို့ ဒါနစသော ကုသိုလ်ကောင်းမှုကို ခေါင်းဆောင်၍ ပြုလုပ်ခဲ့ခြင်းကြောင့် ဘုရား ဖြစ်တော်မူသောအခါ ဦးခေါင်းတော်၏ လှပတင့်တယ်ဖို့ရာ နဖူးတော်အပြင်ဝယ် သင်းကျစ်ပြားဖွဲ့ပတ်ထားသကဲ့သို့ လွန်စွာတင့်တယ် တော်မူ၏။

လက်ယာနားအစွန်းမှ စ၍ တက်သောအသားလွှာသည် အထက်သို့တက်ပြီးလျှင် နဖူးတော်အပြင်ကို ပြည့်စေလျက် လက်ဝဲနားအစွန်းတိုင်အောင် တည်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ နဖူးတော်သည် လွန်စွာတင့်တယ် တော်မူ၏။ ထိုတင့်တယ်ပုံကို အတုပြု၍ ယခုအခါ အချို့ဆင်းတုတော်၏ နဖူးတော်၌ သင်းကျစ်အပြားကို ဖွဲ့တပ်ထားကြသည်။

ထိုမြတ်စွာဘုရားရှင်၏ လက္ခဏာတော်ကို အာရုံပြုကာ မိမိတို့လည်း ကုသိုလ်ကောင်းမှုပြုကြသောအခါ ခေါင်းဆောင်နိုင်လျှင် ခေါင်းဆောင်၍ ခေါင်းမဆောင်နိုင်လျှင်လည်း မခိုမကပ်ဘဲ တက်တက်ကြွကြွ လုပ်ဆောင်ကြပါလေ။

# ဧကေကလောမတာ လက္ခဏာတော်နှင့် ဥဏ္ဏာလောမတာ လက္ခဏာတော်

မြတ်စွာဘုရားရှင်၏ မွေးညင်းတော်တို့သည် မွေးညင်းတစ်တွင်းလျှင် တစ်ပင်စီသာ ပေါက်တော်မူသည်။ ထိုသို့ ထူးခြားတော်မူခြင်းကို ဧကေကလောမတာ လက္ခဏာတော်ဟု ခေါ်၍ ဥဏ္ဏာလုံမွေးရှင်တော်ဟူသော ထူးခြား သောလက္ခဏာတော်ကို ဥဏ္ဏာလောမတာ လက္ခဏာတော်ဟု ခေါ်သည်။

ဥဏ္ဏာလုံမွေးရှင်တော်ဟူသည် ဥဏ္ဏာလောမဟူသော ပါဠိကို မြန်မာလို ဥဏ္ဏာလုံဟု ပြန်ဆိုကြသည်။ ထိုအမွေးတော်သည် မျက်ခုံးတော်၂– သွယ် ၏ အလယ်ဇဟိုဝယ် နှာခေါင်းတော်၏ အဆုံးအထက်၌ ပေါက်တော်မူပြီးလျှင် အထက်သို့တက်၍ နဖူးအလယ် မှာ လဲဝါဂွမ်းအစုကဲ့သို့ အလွန်ဖွေးဖွေးဖြူလျက် တင့်တော်မူ၏။ ဆွဲ၍ဆန့်လိုက်သောအခါ လက်ယာရစ် လည်၍လုံးသွားပြီးလျှင် အထက်သို့ အဖျားလှည့်လျက် တည်တော်မူ သောကြောင့် အသက်ရှင်နေသကဲ့သို့ ထင်ရ၏။ ထို့ကြောင့် ဥဏ္ဏာလုံမွေးရှင်တော်ဟု ခေါ်စမှတ်ပြုကြသည်။ ရွှေအဆင်းရှိသော နဖူးတော်အပြင်၌ တည်ရကား နံနက်စောစောအခါ အရုဏ်ရောင် ဖြာခိုက်ဝယ် သောကြာ ကြယ်ကဲ့သို့ လွန်စွာတင့်တယ်တော်မူ၏။

ထိုကဲ့သို့သော မြတ်စွာဘုရားရှင်၏ ထူးခြားသော အသွင်တော်နှင့်လက္ခဏာတော်တို့ကို စိတ်ဝယ်မှန်းကာ ဘုရားရှိခိုးကြပါစို့....

**မုသာဝါဒ ဝိရတိယာ၊ ဗုဒ္ဓေါ ဧကေကလောမကော၊**
**သောဒါတ ဥဏ္ဏာလောမောစ၊ ဇနော ပဝတ္တိ တံ နမေ။**

ယော ဗုဒ္ဓေါ– အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာ ရှေးရှေးအခါ၌၊ မုသာဝါဒဝိရတိယာ– မဟုတ်တရား မုသားပြောခြင်းမှ ရှောင်ကြဉ်တော်မူခဲ့ခြင်းကြောင့်၊ ဧကေကလောမကောစ– မွေးတွင်း တစ်တွင်းလျှင် တစ်ပင်စီ သောအမွေးတော် ရှိသည် လည်းကောင်း၊ သောဒါတ ဥဏ္ဏာလောမောစ– မျက်ခုံးတော် ၂–ပါးအလယ်ကြား၌ ထူးခြား ပေါ်လွင် အလွန်ဖြူစင်သော မွေးတော်ရှင် ရှိသည်လည်းကောင်း၊ ဇနော ပဝတ္တိစ– လူအများပင် ဘုရားရှင်၏ အစဉ်လိုသမျှ လိုက်ပါရခြင်း ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက် ထင်ပေါ်ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– ဧကေကလောမ ဥဏ္ဏာလောမတာ လက္ခဏာတော် ၂ပါးနှင့် ပြည့်စုံတော် မူသော ထိုမြတ်စွာဘုရားကို၊ အဟံ –ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

## လက္ခဏာတော် နှစ်ပါးနှင့် ပြည့်စုံတော်မူခြင်း၏ အကြောင်းကောင်းမှု

မြတ်စွာဘုရားသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် မုသာဝါဒမှ ရှောင်ကြဉ်တော်မူ၍ မှန်ကန် သောသစ္စာစကားကိုသာ ပြောဆိုတော်မူခဲ့သည်။ ဟိုတစ်မျိုး

ဒီတစ်မျိုး စကား ၂မျိုးကို ပြောလေ့မရှိပါ။ ဤသို့ မုသာဝါဒမှ ရှောင်ကြဉ်တော်မူခဲ့ခြင်းကြောင့် လက္ခဏာတော်နှစ်ပါးနှင့် ပြည့်စုံရပေသည်။

ဤသို့သော မြတ်စွာဘုရားရှင်၏ ထူးခြားသည် လက္ခဏာတော် ၂ပါးကို အာရုံယူကုသိုလ်ပွား၍ မိမိတို့လည်း မုသားမှ ရှောင်ကြဉ်၍ စကား ၂–ခွမပြောမိကြဘဲ သစ္စာစကားကိုသာ ပြောမိအောင် သတိပြုကြပါလေ။

# စတ္တာလီသဒန္တတာ လက္ခဏာတော်နှင့် အဝိရဠ္ဌတာ လက္ခဏာတော်

ဤဖော်ပြမည့် လက္ခဏာတော် ၂ပါးသည် မြတ်ဗုဒ္ဓ၏ ထူးခြားသော သွားတော်အကြောင်းကို ဖွဲ့ဆိုသည့် လက္ခဏာတော်ဖြစ်သည်။ မြတ်စွာဘုရားရှင်တော်မှာ သွားတော်(၄၀)တိတိ ပြည့်ပြည့်စုံစုံ ရှိတော်မူသည့်အတွက် သမစတ္တာလီသဒန္တတာ လက္ခဏာတော်နှင့် သွားကြားတိုင်း၌ မကျဲသော သွားတော်ရှိတော်မူသဖြင့်လည်း အဝိရဠ္ဌတာ လက္ခဏာတော်ဟူသော လက္ခဏာတော် ၂ပါးတို့နှင့်ပြည့်စုံ တော်မူပေသည်။

မြတ်စွာဘုရားရှင်း၏ သွားတော်(၄)တိတိ ပြည့်စုံတော်မူခြင်းနှင့် သွားကြားတိုင်း၌ မကျဲတော်မူခြင်းသည် ကမ္ဘာများဖြစ်ခဲ့ရာဝယ် များစွာသောဘဝတို့ဝယ် ချစ်သူနှစ်ယောက် ကွဲအောင်လည်းကောင်း၊ ထိုသို့ကွဲပြီးနောက် မိမိကိုချစ်အောင် လည်းကောင်း၊ ကုန်းတိုက်ခြင်း ဟူသောပိသုဏာဝါစာမှ ရှောင်တော်မူ၍ သူတစ်ပါးတို့ ညီညီညွတ်ညွတ် ချစ်ခင်နေသည်ကို မြင်လျှင် ဝမ်းမြောက် နှစ်သက်ခဲ့၏။ ချစ်ခင်နေသူများကို ကွဲ၍ မသွားစေသည့်ပြင် စည်းလုံးညီညွတ်ခြင်း၏ အကျိုးကိုသာ ဟောပြောလေ့ရှိ၏။ ဤသို့ ပိသုဏာဝါစာမှ ရှောင်ကြဉ်တော်မူခြင်းကြောင့် ဖြစ်သည်။

မြတ်စွာဘုရားရှင် ထူးကဲသောဂုဏ်နှင့် အကြောင်းကောင်းမှုကို အာရုံပြုကာ ဘုရားရှိခိုးကြပါစို့…

**ပေသုဉ ဝိရမဏာတော၊ သမစတ္တာလီသဒန္တော၊**
**ဇိနော အဝိရဠ္ဌဒန္တောစ၊ အဘဇ္ဇပရိသော နမေ။**

ယော ဇိနော– အကြင်မြတ်စွာဘုရာသည်၊ ပုရေဘဝေ– ဘဝများစွာ ရှေးရှေးအခါ၌၊ ပေသုညဝိရမဏာတော– ချစ်ခင်သူများ ကွဲ၍သွားလျက် ကိုယ့်အားချစ်အောင် ချောပစ်ကုန်းတိုက်ခြင်မှ ရှောင်ကြဉ်တော်မူခဲ့ခြင်းကြောင့်၊ သမစတ္တာလီသဒန္တော– အမျှ လေးဆယ် လွန်တင့်တယ်သော သွားတော်ရှိသည် လည်းကောင်း၊အဝိရဠ္ဌဒန္တောစ– ရွှေပြားအပြင် ဝရဇိန်တင်သို့ အစဉ်မကွဲ မကျဲသော သွားတော်ရှိသည်လည်းကောင်း၊ အဘဇ္ဇပရိသောစ– မပျက်မကွဲ သံဖြင့်တွဲသို့ တစ်ခဲနက်လုံး စည်းရုံးသော ပရိသတ် ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏၊ တံဇိနံ– သမစတ္တာ လီသဒန္တ အဝိရဠ္ဌဒန္တတာ လက္ခဏာတော် ၂ပါးနှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့် တော်မ)သည် နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

ဤသို့သော မြတ်စွာဘုရား ရရှိတော်မူသောအကျိုး၊ ပြုလုပ်တော်မူခဲ့သော အကြောင်းကောင်းမှုတို့ကို အာရုံပြုကာ မိမိတို့လည်း ကုန်းတိုက်ခြင်း ပိသုဏာဝါစာမှ ရှောင်ကြဉ်မိအောင် အမြဲသတိပြုကြပါလေ။

# ပဟူတဇိဝှတာ လက္ခဏာတော်နှင့် ဗြဟ္မဿရတာ လက္ခဏာတော်

မြတ်စွာဘုရား၏ (၃၂)ပါးသော ထူးခြားသည့် လက္ခဏာတို့အနက် ယခုပြမည့် လက္ခဏာတော်(၂)ပါးသည် မြတ်ဗုဒ္ဓ၏ ထူးခြား သောလျှာတော်နှင့် အသံတော်ကိုဖော်ပြခြင်း ဖြစ်ပါသည်။ ဘုရားရှင်တော်၏ လျှာတော်သည် နုနည့်ညံ့ ပြန့်ပြန့်ကျယ်ကျယ် ရှိတော်မူသည်။ ထို့ကြောင့် ပဟူတဇိဝှတာ–(ပဟူတ–နုနည့်ညံ့ ပြန့်ပြန့်ကျယ်ကျယ် ရှိတော်မူသော။ ဇိဝှ–လျှာ)လက္ခဏာတော်နှင့် ပြည့်စုံ တော်မူသည်။ မြတ်စွာဘုရားရှင်၏ အသံတော်မှာလည်း သာယာနာပျော်သောအသံတော်ရှိတော်မူ၏။ ဗြဟ္မာမင်း၏ အသံနှင့်တူ သည်ဟုဆိုကြ၏။ ထို့ကြောင့် မြတ်စွာ ဘုရားရှင်၏ အသံတော်ထူးခြားသည်ကို ဗြဟ္မဿရတာ– သာယာနာပျော်သာ ဗြဟ္မာမင်း အသံနှင့် တူတော် မူသောအသံတော်ရှိခြင်း လက္ခဏာဟု ပညာရှင်တို့ရေးသား ချီးကျူးကြသည်။

မြတ်စွာဘုရားရှင်သည် ဖြစ်ခဲ့သော ဘဝများစွာတို့၌ သူတစ်ပါးတို့ စိတ်ထိခိုက်အောင် ဆဲဆု ေငါက်ငန်း ကြမ်းတမ်းသော ဖရုသဝါစာ မှရှောင်ကြဉ်တော်မူခဲ့၍ ကြားရသူတို့ ချမ်းသာဖွယ် နည့်ညံ့သော စကားကိုသာ ပြောဆိုတော်မူခဲ့၏။ ဤသို့ ဖရုသဝါစာမှရှောင်ကြဉ် တော်မူခဲ့ခြင်းကြောင့် သာလျှင် ဘုရားဖြစ်တော်မူသော ဘဝ၌ အများနှင့်မတူ ထူးခြားသော လျှာတော်ရှိတော်မူ ရုံသာမက အသံ တော်မှာလည်း သာယာသော အသံတော်ရှိတော်မူ၏။

ဖရုသဝါစာမှ မရှောင်ကြဉ်ဘဲ ဆဲဆိုခဲ့သူတို့ လျှာသည် တစ်စုံတစ်ခုဖြင့် ဖွဲ့ထားသကဲ့သို့ လေးတွဲတွဲ ဖြစ်နေ၏။ အချို့မှာ လျှာတိုနေ သကဲ့သို့ ဖြစ်၏။ အချို့မှာ စကားပြောရာ၌ လျှာတရွတ်ဆွဲလျက် မန်စွဲသကဲ့သို့ဖြစ်နေ၏။

ဤကဲ့သို့ မြတ်စွာရှင်၏ ထူးခြားသည့် လက္ခဏာတော်တို့ကို အာရုံပြုကာ ဘုရားရှိခိုးကြပါစို့

**ဖရုသဝါစာ ဝိရတိယာ။ ပုဗ္ဗေ ပဟူတဇိဝှတော၊**
**ဗြဟ္မဿရောစ သမ္ဗုဒ္ဓေါ၊ အာဒေယျဝစနော နမေ။**

ယော သမ္ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်။ ပုဗ္ဗေ– ဘဝများစွာ ရှေးရှေးအခါ၌။ ဖရုသဝါစာ ဝိရတိယာ– စိတ်ကြမ်း နှုတ်ကြမ်း ငေါက်ငန်းဆဲမှု ဖရုသဝါစာမှ ရှောင်ကြည်တော်မူ ခဲ့ခြင်းကြောင့်၊ ပဟူတဇိဝှတောစ– ရှည်လျား နုနယ် ကျယ်ပြန့်သော လျှာတော် ရှိသည်လည်းကောင်း။ ဗြဟ္မဿရောစ– ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာနာပျော် အသံတော်ရှိသည်ကောင်း၊ အာဒေယျဝစနောစ– အများကြည်ဖြူ နာယူဖွယ် စကားတော် သည်ကောင်း။ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက် ပေါ်ဖြစ် ထွန်းတော်မူ၏၊ တံ သမ္ဗုဒ္ဓံ– ပဟူတဇိဝှ ဗြဟ္မဿရတာ လက္ခဏာတော် နှစ်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ–ဘုရား တပည့်တော်(တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

မိမိတို့လည်း ဖရုသဝါစာမှ ရှောင်ကြဉ်ဖို့ရန် အမြဲသတိ ပြုကြပါလေကုန်။ ဖရုသဝါစာသည် ဝစီဒုစရိုက်လေးပါးတွင် ဒေါသကို အရင်းခံ၍ ဖြစ်ရသော ဒုစရိုက်တစ်ပါး ဖြစ်သည်။ နဂိုရ်က ဒေါသစရိုက် ခံတတ်ခံရှိသော ပုဂ္ဂိုလ်သည် ဒေါသဖြစ်စရာ ကြုံလာတိုင်း ဖရုသဝါစာ ဖြင့်ပြောဆိုတက်ရကား နောက်နောင်ဘဝ၌ ဒေါသနည်းအောင် ယခုကပင် မေတ္တာဘာဝနာကို လေ့လာကြပါလေ။

# သီဟ ဟနုတာ လက္ခဏာတော်

ဤလက္ခဏာတော်သည် မြတ်စွာဘုရားရှင်၏ သာမန်လူများနှင့် မတူသော မေး၏ထူးခြားပုံကို ဖော်ပြသည့် လက္ခဏာ တော်ကြီးဖြစ်သည်။ မြတ်စွာဘုရားရှင်၏ မေးတော်သည် ခြင်္သေ့မင်း၏ မေးနှင့်တူစွာ ပြည့်သော မေးတော်ရှိ၏။ ဆက်ဦးအံ့၊ ခြင်္သေ့မင်း၏ မေးသည် အောက်ဖက်၌သာ ပြည့်၏။ မြတ်ဗုဒ္ဓ၏ မေးတော်ကား အောက်ဖက် အထက်ဖက် ပြည့်၍ နေသောကြောင့် လဆန်း (၁၂)ရက် ညဥ့်အခါ၌ ထွက်ပေါ်လာသော လနှင့် တူတော် မူ၏။ ထို့ကြောင့် ခြင်္သေ့မင်း၏ မေးထက်သာ၍ တင့်တယ်တော်မူ၏။

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဘဝအဖြစ် ဘဝများစွာသံသရာ၌ ကျင့်လည်စဉ် သမ္ဖပ္ပလာပစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တော်မူသောကြောင့် ဤလက္ခဏာတော်နှင့် ပြည့်စုံတော်မူရခြင်းဖြစ်သည်။ သမ္ဖပ္ပလာ ပမှမရှောင်ကြဉ်ကြသော သူတို့၏ မေးသည် အတွင်းသို့ဝင်၍ နေတတ်၏။ ကောက်၍သော်လည်း နေတတ်၏။ အတွင်းသို့ချိုင့်၍ သော်လည်းနေတတ်၏။သမ္ဖပ္ပလာပဟူသည် အကျိုးလည်းမရှိ၊ မှန်လည်းမမှန်ဘဲ ပျော်ရရုံဖြစ်သော အပျက်အချော် စကား အပြောင် အလှောင်စကားကို ပြောဆိုခြင်းကို ခေါ်သည်။ ထို့ကြောင့် သံသရာအဆက်ဆက် အလောင်းတော်ဘဝဖြင့် သမ္ဖပ္ပလာပစကားကို မပြောဆိုဘဲ ရှောင်ကြဉ်တော် မူခြင်းကြောင့် မေးတော်၏ ပြည့်စုံတင့်တင်ပုံကို အာရုံယူ၍ ဘုရား ရှိခိုးကြပါစို့။

**သမ္ဖပ္ပလာပ ဝိရတော၊ ပုရေ တေန တထာဂတော၊**
**မိဂိန္ဒဟနုရူပေါစ၊ အခံသိယောစ တံ နမေ။**

ယော တထာဂတော– အကြင်မြတ်စွာဘုရားသည်။ ပုရေ ဘဝေ– ဘဝများစွာ သံသရာ၌။ သမ္ဖပ္ပလာပဝိရတော– သုခမဖက် စီးပွားပျက်ဖို့ သက်သက်အပျော် ပျက်ချော်ပြောင်လှောင် ပြိန်ဖျင်းသော စကားကို ရှောင်ကြဉ်တော် မူခဲ့၏။ တေန– ထိုသို့ ပြိန်ဖျင်းသော စကားကို ရှောင်ကြဉ်တော်မူခဲ့ခြင်းကြောင့်၊ မိဂိန္ဒဟနုရူပေါစ– ခြင်္သေ့မင်း၏ အောက်မေးအလား ထက်အောက်အားဖြင့် ၂–ပါးထင်ပေါ် ပြည့်ဝသော မေးတော်ရှိသည်လည်းကောင်း၊ အခံသိယောစ– ရပြီး ရာထူး ဂုဏ်အထူးမှ တစ်ဦးတစ်ယောက်မျှ မဖယ်ချ မဖျက်စီးနိုင်သည်ကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ– သီဟ ဟနုတာ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော်(တပည့်တော်မ)သည်။ နမေ နမာမိ–ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ ဘုရား။

အတွင်း၌ အနှစ်အဆံမပါသော စပါးခွံကို ဖွဲ အနုပ် အဖျင်းဟုခေါ်သကဲ့သို့ ထို့အတူ ပြောအပ်သော စကား၌ အကျိုးမရှိ အနက်မမှန်ဘဲ ပြောင်လှောင်သောစကားကိုလည်း ပြိန်ဖျင်းသော စကားဟုခေါ်သည်။ ဝစီဒုစရိုက် လေးပါးတွင် တစ်ပါးအပါဝင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့လည်း သမ္ဖပ္ပလာပ–ပြောဆိုခြင်းမှ ရှောင်ကြဉ်ကာ မိမိရရှိထားသော စည်းစိမ် ဂုဏ်သိမ်တို့ကို မည်သည့်ရန်သူမှ မဖျက်စီးနိုင်ခြင်းတည်း ဟူသော အကျိုးထူးကို ခံစားနိုင်အောင် ကြိုးစားကြပါလေ။

# သမဒန္တတာ လက္ခဏာတော်နှင့် သသုက္ကဒါဠတာ လက္ခဏာတော်

ဘုရားရှင်၏ (၃၂)ပါးသော ထူးခြားသည့် လက္ခဏာတော်များကို ဖော်ပြလာရာ ယခုနှစ်ပါးသည် နောက်ဆုံး ၂ပါး ဖြစ်သည်။ မြတ်စွာဘုရားသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် မိစ္ဆာဇီဝမှ ရှောင်ကြဉ်တော်မူ ၏။ ဤသို့သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ သမ္မာဇီဝဖြင့် အသက်မွေးခဲ့ခြင်းကြောင့် နောက်ဆုံးသော ဘဝဝယ် မြတ်စွာဘုရားရှင်၏ သွားတော်များ နှင့်စွယ်တော်သည် သန့်ရှင်းစင်ကြင်စွာ ရွှေနီအင်းပျဉ်ပေါ်ဝယ် ဝရဇိန် တင်၍ စီထားသကဲ့သို့ နီမြန်းသော သွားဖုံးတော်ဝယ် ဖွေးဖွေး ညီညီစီရရီ ရှိတော်မူ၏။

မိစ္ဆာဇီဝဖြင့် အသက်မွေးသူတို့သည်ကား ညစ်နွမ်းသော အသက်မွေးမှုကို ပြုရာရောက်၏။ သူ့အတွက် ကိုယ့်အ တွက်မညီမမျှသော အသက်မွေးရာကိုလည်း ရောက်၏။ ထိုကဲ့သို့ အသက်မွေးခြင်းကြောင့် ထိုသူတို့၏ သွားတို့ သည် အတိုအရှည် အနိမ့်အမြင့် ဖြစ်နေ တက်၏။ စင်စင်ကြယ်ကြယ်လည်း မရှိဘဲ ညစ်ပုပ်ပုပ်ဖြစ်နေတက်၏။ မြတ်စွာဘုရားရှင်၏ ဖွေးဖွေးညီညီ စီရရီရှိသော သွားတော် စွယ်တော်တို့သည် မြတ်စွာဘုရားရှင်၏ ထူးခြား သည့် လက္ခဏာတော်များဖြစ်သည်။ ထိုကြောင့် ထိုဂုဏ်တော်များကို အာရုံယူကာ ဘုရားရှိခိုး ကြပါစို့။

**မိစ္ဆာဇီဝ ဝိရတိယာ၊ သမဒန္တော တထာဂတော၊**
**ယောတိ သုသုက္ကဒါဌောစ၊ ဝိသုဒ္ဓပရိသော နမေ။**

ယော တထာဂတော– အကြင်မြတ်စွာ ဘုရားသည်၊ ပုရေ ဘဝေ–ဘဝများစွာ ရှေးရှေးအခါ၌၊ မိစ္ဆာဇီဝ ဝိရတိ ယာ– ကိုယ်နှုတ်ဖောက်ပြား ဒုစရိုက်များဖြင့် မှားမှားယွင်းယွင်း အသက် မွေးခြင်းတို့မှ ရှောင်ကြည်တော်မူခဲ့ခြင်း ကြောင့်၊ သမဒန္တောစ– ဝရဇိန်များ စီ၍ထားသို့ ထက်ဖျား စီရရီ ညီသော သွားတော်ရှိသည်လည်းကောင်း၊ သုသုက္ကဒါဌောစ– သောကြာ ကြယ်ဝန်း ထွန်းသည့်အသွင် အလွန်ဖြူစင်သော စွယ်တော်ရှိသည်လည်းကောင်း၊ ဝိသုဒ္ဓိပရိသောစ– စင်ကြယ်သပ်ရပ် လွန်စွာမြတ်သည့် ပရိသတ်အခြံအရံ ရှိသည် လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်း တော်မူ၏၊ တံ တထာဂတံ– သမဒန္တတာ သုသုက္ကဒါဌတာ လက္ခဏာတော် ၂ပါးနှင့် ပြည့်စုံ တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

## သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ

## အလှူတကာတို့တွင်
## တရားအလှူသည်အမြတ်ဆုံး။

ဓမ္မရံသီလူငယ်အသင်းမှပူဇော်သည်။

www.dhammaransi.net